# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ စနေနေ့၊ (19-5-2007) (၅၃၂၂)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးတပ်နယ် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲတက်ရောက် နမ့်ပေါင်-နမ္မ ချောင်းကူးတံတား၊ ကုန်းပေါင်းကျေးရွာနှင့် နမ္မ(ဝမ်လုံ)ကျေးရွာ ဒေသဖွံ့ဖြိုးရေး ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်အားပေး

နေပြည်တော် မေ ၁၈

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မေ ၁၆ ရက် နံနက် ၉ နာရီတွင် လားရှိုးမြို့ လားရှိုး-မူဆယ်ကားလမ်းဘေးရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်ယာမြေ(၁)၌ ကျင်းပသည့် လားရှိုးတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။**

အဆိုပါ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီး ဒေါ်ချယ်ရီ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဇနီး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှင်းနှင်းခိုင်ကုမ္ပဏီ အဆင့်မြင့် ဇီဝဒီဇယ်ဆီထုတ်စက်ရုံ၏ စက် လည်ပတ်မှုအဆင့်ဆင့်နှင့် ဇီဝဒီဇယ်ထုတ်လုပ်မှုနည်းစဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ကြေးမုံ
The Mirror

**ဆောင်းပါး အညွှန်း**

❒ *"တစ်မျိုးသားလုံး၏ ထောက်ခံမှုဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ကမ္ဘာပေါ်တွင် တည်ကြည်ခံ့ညားထည်ဝါ အစွန့်ရှည်ကြာစွာ ရပ်တည်မည့် နိုင်ငံတော်သစ်ကို မုချပေါ်ထွန်းလာစေမည် ဖြစ်သည်။"*

ရဲဘော်တင်ရွှေ၏ **"အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေး"**

(ဆောင်းပါး) စာမျက်နှာ-၃

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၉–၅–၂၀၀၇
(စနေနေ့)

# သစ်တောများ ရှင်သန်ဖြစ်တည်ရေး ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံ သဘာဝသစ်တောကြီးများ၏ ဖုံးလွှမ်းမှုပမာဏသည် နိုင်ငံဧရိယာ၏ ၅၂ ရာခိုင်နှုန်းရှိသည်။ သစ်တော သယံဇာတများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိသည်။ ယင်းသဘာဝ သယံဇာတများကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲကြသကဲ့သို့ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း လိုအပ်သည်။

၁၉၂၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ၇၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ ၁၄ ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့ကြောင်းသိရသည်။ သစ်၊ မီးသွေး၊ ထင်း စသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲနေခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများ အစဉ်ရှင်သန်ဖြစ်တည်စေရေးအတွက် အစီအမံများချမှတ် ဖော်ဆောင်လျက်ရှိသည်။ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေ ဧရိယာစတုရန်းမိုင် ခြောက်သောင်းကျော်ကို ထိန်းသိမ်းစောင့်ရှောက်နေသည်။

ထို့အပြင် အဖိုးတန်ကျွန်းသစ်နှင့် သစ်မာများ ပေါများစွာ ပေါက်ရောက်သည့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၄–၂၀၀၅ ခုနှစ်မှစတင်၍ ငါးနှစ်စီမံချက်ဖြင့် သဘာဝသစ်တောများ ထိန်းသိမ်းနေသည့်အပြင် ရေဝေရေလဲစိုက်ခင်းများကိုလည်း တိုးချဲ့စိုက်ပျိုးတည်ထောင်လျက်ရှိသည်။

မြန်မာနိုင်ငံအပူပိုင်းဒေသ ၁၃ ခရိုင်တွင် ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ သစ်တောများ ရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည်။ ကျေးရွာများအလိုက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်း၊ ကျေးရွာပိုင် ထင်းစိုက်ခင်း၊ ရွာလမ်းဘေးတစ်လျှောက် စိုက်ပျိုးထားသည့် သဘာဝသစ်တော ပြင်ပစိုက်ခင်းများစွာကိုလည်း ကြိုးပမ်းစိုက်ပျိုးထူထောင်လျက်ရှိရာ သစ်တောထွက်ပစ္စည်းများ ဒေသသုံးအတွက် ထုတ်ယူလာနိုင်တော့မည်ဖြစ်သည်။

သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားအတွက် အားထားရသည်ဖြစ်ရာ နိုင်ငံတော်က ကြိုးဝိုင်းကြိုးပြင် သဘာဝ သစ်တောများကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသကဲ့သို့ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများကလည်း ကျွန်းအထူးစိုက်ခင်းများ၊ စီးပွားရေးစိုက်ခင်းများ ထူထောင်ခြင်း၊ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် အစဉ်တစိုက် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့သစ်တောများ အစဉ်ရှင်သန်ဖြစ်တည်နေမည် ဖြစ်ပါသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ နှစ်ဖက်သောမိဘများနှင့် ဇနီးဖြစ်သူ ဒေါ်ခင်ပု၊ သမီးဖြစ်သူ ဒေါ်အေးအေးမွန်တို့အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းနေ ဘဘဦးကျော်စိန်မိသားစုက အလှူငွေကျပ် ၁၂၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စက်ပန်းထိုးသင်တန်းနှင့် အခြေခံကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၈

**ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စက်ပန်းထိုး သင်တန်းဆင်းပွဲနှင့် အခြေခံကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးမွမ်းမံသင်တန်း (၁/၂၀၀၇)ဆင်းပွဲ အခမ်းအနားကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း တက်ရောက်ချီးမြှင့်သည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက စက်ပန်းထိုးသင်တန်းနှင့် အခြေခံကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေးသင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မေလတ်က အခြေခံကလေးသူငယ်များ ဘက်စုံမွမ်းမံသင်တန်း နည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်အဖွဲ့သည် သင်တန်းသူများ၏ စက်ပန်းထိုးနေမှုနှင့် အခြေခံကလေးသူငယ်များ၊ ဘက်စုံမွမ်းမံ သင်တန်းသူများက ဆောင်ရွက်ခဲ့သည့် လက်ရာများ ခင်းကျင်းပြသမှုကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးဖွင့်လှစ်သော စက်ပန်းထိုး သင်တန်းဆင်းပွဲနှင့် အခြေခံကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး မွမ်းမံသင်တန်း(၁/၂၀၀၇)ဆင်းပွဲတွင် သင်တန်းသူများ၏ လက်ရာများ ခင်းကျင်းပြသမှုကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

# မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင်အသင်း ဒုတိယအကြိမ် သွေးလှူရှင်ဂုဏ်ပြု

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင်အသင်း၏ ဒုတိယအကြိမ် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် မြို့နယ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်း၊ သွေးလှူရှင်အသင်း နာယက မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြောကြား**

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုခံသွေးလှူရှင်များကိုယ်စား (၁၀၉)ကြိမ်မြောက် သွေးလှူရှင် ဦးအေးကိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**ပေးအပ်**

ထို့နောက် မြို့နယ်သွေးလှူရှင်အသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ အဂ္ဂမဟာသီရိ သုဓမ္မဇောတဓရ ဦးအောင်ကြည်မြင့် ဇနီး ဒေါ်စန်းကြည် (ခ) ဒေါ်မြစမ်းကြည် မိသားစုက အလှူငွေ ကျပ်တစ်သိန်းတစ်သောင်း၊ ဦးဘမြင့် (လကမ္ဘာ အထူးကုဆေးခန်း)၊ ဦးချိုအေး(ACA) မိသားစုနှင့် ဦးတင်ထွန်းမိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းစီနှင့် အခြားအလှူရှင်များက အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက်အကြိမ်(၄၀)နှင့် အထက် သွေးလှူရှင်များအား ဂုဏ်ပြုတံဆိပ်များကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# အလိုတော်ပြည့် ဓမ္မာစရိယ သင်တန်းဖွင့်မည်

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၆၁) ရပ်ကွက်၊ စစ်တောင်းလမ်းနှင့် ရတနာလမ်းထောင့်ရှိ အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ်၌ ဝါကျဥယျာဉ် ကျမ်းပြုဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ အရှင်သူမြတ်က ၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ မေ ၂၄ ရက်မှ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ဇူလိုင် ၁၃ ရက်အထိ ဓမ္မာစရိယ သင်တန်းဖွင့်လှစ်ပို့ချမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## ပေးပို့လှူဒါန်း

**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီ ရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဦးမျိုးဝင်း သံလွင်တံတား ဆောက်လုပ်ရေး (မော်လမြိုင်)ထံမှ ပေးပို့လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို ဘဏ္ဍာရေးမှူး ဦးမျိုးထွဋ် လက်ခံယူစဉ်။** (က–ပ)



# အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေး

ရဲဘော်တင်ရွှေ

တိုင်းပြည်တစ်ပြည် နိုင်ငံတစ်နိုင်ငံအဖို့ မရှိမဖြစ် အမှန်တကယ် လိုအပ်သည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်မှ စတင်ကာ အခြေခံဥပဒေသစ်တစ်ရပ် လိုအပ်ခဲ့သည်။ ထိုလိုအပ်ချက်ကို တပ်မတော်အစိုးရက ဦးဆောင်ကာ အမျိုးသားညီလာခံကျင်းပပြီး နိုင်ငံတော်သစ်တစ်ရပ်အတွက် အခြေခံရမည့်မူများကို ညှိနှိုင်းချမှတ်လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူတန်းစားအလွှာပေါင်းစုံ၊ တရားဝင်တည်ရှိနေသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များနှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များပါမကျန် တက်ရောက်ညှိနှိုင်း ဆွေးနွေးချမှတ်လျက်ရှိကြရာ မကြာမီ လုံးဝအကောင်အထည်ပေါ် ပြီးစီးတော့မည်ဖြစ်၏။

တစ်ဖက်မှ အမျိုးသားညီလာခံအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းနေချိန်တွင် ပြည်ပပယောဂ ပူးကပ်ခံနေရသော NLD လိုအဖွဲ့အစည်းနှင့် တောင်စဉ်ရေမရ တစ်ကိုယ်တော် မဖြစ်စလောက်တို့က အမျိုးသား ညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း အနှောင့်အယှက်ပေးနေသည်ကို ကြားမြင်သိနေရ၏။

မည်သို့ပင်ဖြစ်စေ ဤညီလာခံကြီး ချောမွေ့စွာ အောင်မြင်ပြီးစီးရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လိုအပ်ချက်ဖြစ်သည်နှင့်အညီ ပြည်သူတစ်ရပ်လုံးက ပြည်တွင်းပြည်ပအဖျက်သမားများကို လုံးဝဆန့်ကျင်ချေမှုန်းကြရမည်သာ ဖြစ်၏။

အဖျက်သမားတို့က တပ်မတော်၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တပ်မတော်၏ အမျိုးသားနိုင်ငံရေးအရ ပါဝင်မှုကို ပစ်ပယ်လိုကြသည်။

ဤအချက်နှင့်စပ်လျဉ်း၍ အမြင်ကြည်လင်စွာ သုံးသပ်သင့်၏။

**တပ်မတော်သည် အမှန်တကယ် စုစည်းညီညွတ်စွာ နိုင်ငံတော်တွင် နိုင်ငံ့အရေးကိစ္စ ပေါ်လာသမျှကို ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး တာဝန်ယူဖြေရှင်းပေးနိုင်သည့် အင်အားစုကြီးတစ်ရပ်ဖြစ်သည်ကိုတော့ မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။**

**တပ်မတော်သည် မြန်မာ့လူ့အဖွဲ့အစည်းတွင် အမှန်တကယ် တည်ရှိသော အမျိုးသားနိုင်ငံရေးအင်အားစုကြီးဖြစ်သည်။**

ရှစ်လေးလုံး ဆူပူအကြမ်းဖက်မှုအရေးအခင်းလို ပြည်တွင်းရေးပြဿနာကို ညင်သာချောမွေ့စွာ ဖြေရှင်းပေးနိုင်ခဲ့သည်မှာ တပ်မတော်သာဖြစ်ပါသည်။

လူသတ်၊ ပစ္စည်းလု၊ မီးရှို့နေကြသည့် မင်းမဲ့စရိုက်သမားများ နိုင်ငံနှင့်ပြည်သူကို အန္တရာယ်မပြုနိုင်အောင်၊ ငြိမ်ဝပ်သွားအောင် တားဆီးနှိမ်နင်းနိုင်ခဲ့သည်မှာ တပ်မတော်ဖြစ်ပါသည်။

ထိုစဉ်က နိုင်ငံရေးခေါင်းဆောင်များ၊ ပေါ်ပင်နိုင်ငံရေးခေါင်းဆောင်များဖြစ်သည့် ဒေါ်စုကြည်၊ မင်းကိုနိုင် စသူတို့သည် ဗဟိုကုန်သွယ်ရေးရုံးကြီးရှေ့တွင် အကြမ်းဖက်နေသော ဆန္ဒပြသမားများအား တားဆီးရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့ပေ။

ဤလိုနှလုံးလှ စွမ်းရည်မျိုး တပ်မတော်မှလွဲ၍ မည်သည့် အင်အားစုတွင်မျှ မရှိပေ။

**တပ်မတော်က တပ်မတော်အစိုးရအဖြစ် နိုင်ငံတော်တာဝန်ကိုယူခဲ့ပြီး နိုင်ငံတော်၏ လိုအပ်ချက်မှန်သမျှ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး မျက်နှာစာများတွင်လည်း တိုးတက်မှု အခြေခံကောင်းများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာလည်း အမှန်ပင်ဖြစ်၏။ ယခုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်ဆဲ၊ နောင်တွင်လည်း ဆောင်ရွက်နေမည်မှာ မြင်သာသောအချက်ပင် ဖြစ်သည်။**

တပ်မတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းပေါင်းများစွာအနက် စာရေးသူ၏ ရင်ကိုလှုပ်ခါစေပြီး ပီတိဖြာခဲ့ရသော မြင်သာသည့်လုပ်ငန်းတစ်ရပ်ကို ရိုးရှင်းစွာ တင်ပြလိုပါသည်။

စာရေးသူသည် ပါလီမန်ဒီမိုကရေစီခေတ်တွင် ရေစကြိုအရှေ့ပိုင်း အမတ်အဖြစ် နိုင်ငံရေးလောကတွင် ကျင်လည်ခဲ့သော ပခုက္ကူသားတစ်ယောက်ဖြစ်ပါသည်။ စာရေးသူသည် ပခုက္ကူခရိုင် ပ–မ–ည–တ အတွင်းရေးမှူးအဖြစ် ပခုက္ကူခရိုင်အတွင်း မြို့များသာမက ကျေးရွာအနှံ့ ခြေဆန့်၍ စည်းရုံးရေးဆင်းခဲ့သူ ဖြစ်ပါသည်။

ထိုအခါက စာရေးသူအတွက် မြင်ရတွေ့ရသော ကျေးရွာလူထု၏ အခြေအနေမှာ ရင်ကိုလှုပ်ခတ် နာကျင်စေခဲ့ပါ၏။

ပခုက္ကူခရိုင်သည် မိုးခေါင်ရေရှား ရပ်ဝန်းဒေသတွင် တည်ရှိခဲ့ရာ ကျေးရွာများ၌ နေထိုင်ရသူ ပြည်သူအများမှာ ရေရှားပါးသည့်ဒဏ်ကို မရှုမလှခံရသည်။ ရေကိုနေ့တိုင်း မချိုးနိုင်၊ တစ်ခါတစ်ရံ ရေချိုးပြီဆိုလျှင် နွားစာခွက်ပေါ်တက်၍ ချိုးရသည်။ ချိုးလိုက်သောရေတို့ကို နွားစာနယ်၍ ကျွေးရန်ဖြစ်သည်။

ထိုစဉ်က **"ရွှေကိုမလို၊ ငွေကိုမလို၊ ရေကိုသာလိုချင်သည်"** ဟူ၍လည်းကောင်း၊ ဧည့်သည်များလာလျှင် **"ထမင်းတော့ကျွေးပါ့မယ်၊ ရေတော့ မတိုက်ပါရစေနဲ့"** ဟူ၍လည်းကောင်း အိမ်ရှင်များက ပြောကြားခဲ့ကြသည်ကို နားမဆံ့အောင် ကြားခဲ့သိခဲ့ရပါ၏။

**ယခုတပ်မတော်အစိုးရက ထိုဒေသများကို သောက်သုံးရေ လုံးဝလုံလောက်အောင် ရေတွင်း၊ ရေကန်များသာမက အဝီစိစက်တွင်းများ တူးပေးကာ ရေကိုဖောဖောသီသီ သုံးနိုင်အောင် လုပ်ဆောင်ပေးပြီးဖြစ်သည်။ ထိုမျှမကဘဲ စိုက်ပျိုးရေ လုံလောက်အောင် ဆည်တမံမျိုးစုံ၊ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းမျိုးစုံဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။**

ထိုနယ်များသို့ စာရေးသူကိုယ်တိုင် ယခုနောက်ပိုင်းကာလ၌ ရောက်သွားရာတွင် ကျေးရွာသူ၊ ကျေးရွာသားများက စေတနာအပြည့်အဝဖြင့် ရေကြည် ရေအေးတိုက်၍ ဧည့်ခံနိုင်နေကြပြီဖြစ်ပါ၏။

ရေအကျိုးဆယ်ပါးသည် ဆုမတောင်းဘဲနှင့် ပြည့်စုံသည်ဟုဆိုလျှင် တပ်မတော်အစိုးရသည် ထိုဆုကို လက်ငင်းဒိဋ္ဌ မလွဲမသွေ ခံစားရလိမ့်မည်ဟု စာရေးသူ တွေးမိပါသည်။

လမ်းပန်းဆက်သွယ်ရေး ဆိုလျှင်လည်း လမ်း၊တံတားများ မြန်မာနိုင်ငံ တစ်နံတစ်လျား နေရာမလပ် တည်ဆောက်ပေးထားပြီမို့ သွားရေးလာရေးမှာ အချိန်ကုန်သက်သာပြီး ခရီးရောက်လှ၏။

ယခင်က ရန်ကုန်မှ ပခုက္ကူသို့ ပြန်မည်ဆိုလျှင် ရထားတစ်တန်၊ ကားတစ်တန်၊ သင်္ဘောတစ်တန်ဖြင့် သွားကြရသည်။ ယခုတော့ မီးရထားဖြင့်သွားမလား၊ ကားဖြင့်သွားမလား မြစ်ကူးတံတားကြီးများစွာ ရှိနေပြီဖြစ်၍ အခက်အခဲမရှိတော့။ တောက်လျှောက် ချောမွေ့စွာ သွားနိုင်ကြပြီဖြစ်၏။

တပ်မတော်အစိုးရ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကြောင်းကို ဆောင်းပါးရှင်ပေါင်းများစွာတို့က သတင်းစာ စာမျက်နှာထက်မှနေ၍ ကိန်းဂဏန်းများ၊ ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ မငြင်းသာအောင် တင်ပြခဲ့ပြီးဖြစ်သလို ဒေသခံပြည်သူများ အနေဖြင့်လည်း လက်တွေ့ရရှိခံစားနေကြရပြီဖြစ်၍ စာရေးသူအနေဖြင့် ထပ်မံမရေးသားလိုတော့ပါ။

ဤတပ်မတော်၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူများအနေဖြင့် အသိအမှတ် ပြုလျက်ရှိနေကြသည်။

**တပ်မတော်၏ အခန်းကဏ္ဍကို ပစ်ပယ်လိုသူများ၊ တပ်မတော်ကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်နေသူများမှာ တိုင်းရင်းသား ပြည်သူများ မဟုတ်ကြပေ။ နိုင်ငံခြား ပယောဂ မှီကပ်ခြင်းခံနေရသော အမေကျော် ဒွေးဘော်လွှမ်းနေသည့် အာဏာကို ဖြတ်လမ်းမှ ရယူရန် လုံးပန်းနေကြသော လက်တစ်ဆုပ်စာ နယ်ချဲ့လက်ဝေခံ နိုင်ငံရေးသမား အမည်ခံထားကြသူများသာ ဖြစ်သည်။**

ယခုအခါ သူတို့အားလည်း သူတို့ပါတီဝင်များကိုယ်တိုင်က သူတို့၏ လုပ်ရပ်များကြောင့် စွန့်ခွာဆန့်ကျင်ကုန်ကြပြီ ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရသော် သူတို့၏ဘဝမှာ တစ်စထက်တစ်စ လမ်းဘေးရောက်ကာ မြောင်းထဲသို့ကျဖို့ လက်တစ်လုံးအလိုမှာ ရောက်ရှိနေကြပြီဖြစ်သည်။

တပ်မတော်က ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေစဉ် သူတို့က အဖျက်လုပ်ငန်းပေါင်းစုံဖြင့် ပြည်သူ့အကျိုးစီးပွားကို ဖျက်ဆီးခဲ့ကြသည်။ သူတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအချို့ ရပ်သိမ်းသွားသဖြင့် အလုပ်လက်မဲ့များ ထောင်သောင်းမကဖြစ်ကာ စားဝတ်နေရေး အကျပ်တွေ့ခဲ့ရသည်။ ဤမကောင်းမှု အကျိုးဆက်ကြောင့် ယခုအခါ သူတို့ဒဏ်ခတ် ခံနေရပြီဖြစ်၏။

**ပြည်သူတို့က အမှန်တကယ် ပစ်ပယ်လိုသည်မှာ ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားသော တပ်မတော်ကိုမဟုတ်ဘဲ နယ်ချဲ့လက်သစ်အလိုကျ ကြိုးဆွဲရာကနေသော အမျိုးသားသစ္စာဖောက် ပါတီခေါင်းဆောင်တစ်စုကိုသာဖြစ်ကြောင်း အထူးရေးသားဖော်ပြရန် လိုမည်မထင်ပါ။**

တစ်မျိုးသားလုံး၏ ထောက်ခံမှုဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်သည် ကမ္ဘာပေါ်တွင် တည်ကြည်ခံ့ညားထည်ဝါ အစွန့်ရှည်ကြာစွာ ရပ်တည်မည့် နိုင်ငံတော်သစ်ကို မုချပေါ်ထွန်းလာစေမည်ဖြစ်သည်။

**နိုင်ငံတော်သစ်သည် ပြည်ပသြဇာလုံးဝကင်းရှင်း၍ အမှီခိုကင်းသော၊ စည်းလုံးညီညွတ်သော၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ဧကန်မုချ ပေါ်ထွန်းလာမည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးက လက်တွဲညီညီဖြင့် ဝိုင်းဝန်းစောင့်ရှောက် တည်ဆောက်ကြရန် လိုပါသည်။**

ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ပြည်ပပယောဂနှင့် ပြည်ပအားကိုး ပုဆိန်ရိုးအချို့၏ သွေးဆောင်လှည့်ဖြားမှုကြောင့် တွေဝေယိမ်းယိုင်ခြင်းမရှိဘဲ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် တစ်စိတ်တည်း တစ်ဝမ်းတည်းဖြင့် ဝိုင်းဝန်းကူညီကြရန် ရေးသားတိုက်တွန်း လိုက်ရပါ၏။

မည်သို့ပင်ဖြစ်စေ–

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီး၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး အတည်ဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်သစ်ကြီး မုချမလွဲမသွေ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ကျင်လည်ဖြတ်သန်းခဲ့ရသော နိုင်ငံရေးအတွေ့အကြုံများအရ စာရေးသူတို့အနေဖြင့် ခြွင်းချက်မရှိ၊ မမိုတ်မသုန် ယုံကြည်ပါ၏။ ။

**တပ်မတော်၏ အခန်းကဏ္ဍကို ပစ်ပယ်လိုသူများ၊ တပ်မတော်ကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်နေသူများမှာ တိုင်းရင်းသား ပြည်သူများ မဟုတ်ကြ။ နိုင်ငံခြား ပယောဂ မှီကပ်ခြင်းခံနေရသော အမေကျော် ဒွေးဘော် လွှမ်းနေသည့် အာဏာကို ဖြတ်လမ်းမှ ရယူရန် လုံးပန်းနေကြသော လက်တစ်ဆုပ်စာ နယ်ချဲ့လက်ဝေခံ နိုင်ငံရေး သမား အမည်ခံထားကြသူများသာဖြစ်။**



တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း ဇင်လောင်မြို့ ကော်ဖီ စက်ရုံဝင်းအတွင်း စိုက်ပျိုးထားသော ကော်ဖီပင်များကို မေ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့ကုန်စည်ပြပွဲအတွက် တည်ဆောက်မှုများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီရန် ဝန်ကြီးချုပ် ဝမ်ကျားပေါင် တိုက်တွန်း

ပေကျင်း မေ ၁၇

**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပမည့်ကမ္ဘာ့ကုန်စည်ပြပွဲအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ယနေ့တိုက်တွန်းလိုက်သည်။**

ကမ္ဘာ့ကုန်စည်ပြပွဲအတွက် အဆောက်အအုံများ ဒီဇိုင်းပုံထုတ်လုပ်ရာတွင်လည်းကောင်း၊ တည်ဆောက်ရာတွင်လည်းကောင်း စွမ်းအင်ချွေတာရေး၊ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးမူသင့်ကြောင်း ဝမ်ကျားပေါင်က ရှန်ဟိုင်းမြို့သို့ ရောက်ရှိနေစဉ် ပြောကြားသည်။ ရှန်ဟိုင်းမြို့တွင်ကျင်းပမည့် ကမ္ဘာ့ကုန်စည်ပြပွဲ၏ ဆောင်ပုဒ်မှာ "ပိုမိုတိုးတက်သောမြို့ကြီး၊ ပိုမိုတိုးတက်သော ဘဝ" ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဆော်ဒီအာရေဗျတွင် ရေနံတွင်းသစ် နှစ်တွင်းတွေ့ရှိ

ရီယာဒ် မေ ၁၇

ဆော်ဒီအာရေဗျနိုင်ငံမှ နိုင်ငံပိုင် အာရမ်ကို ရေနံကုမ္ပဏီက ဆော်ဒီအာရေဗျ အရှေ့ပိုင်းပြည်နယ်ရှိ ဒေသတွင် ဓာတ်ငွေ့ကြွယ်ဝသည့် ရေနံတွင်းနှစ်တွင်းတွေ့ရှိထားကြောင်း ရေနံဝန်ကြီး အယ်လ်-နူယာအီမီက အင်္ဂါနေ့တွင် ပြောကြားသည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသရှိ အယ်လ်-ဂါဝါရေနံမြေတွင် မူဘာရတ်(၁)နှင့် ဒါဝါဇာ(၁) အမည်ရှိ ယင်းရေနံတွင်းသစ်များကို တွေ့ရှိခြင်းဖြစ်သည်ဟု နူယာအီမီကာ ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။ မူဘာရတ်(၁)ရေနံတွင်းက ရေနံစိမ်း နေ့စဉ်ပီပါ ၅၆၀၀ နှင့် သဘာဝဓာတ်ငွေ့ကုဗပေ နှစ်သန်း ထွက်ရှိပြီး ဒါဝါဇာ(၁) ရေနံတွင်းက ရေနံအကျဲနေ့စဉ် ၅၅၆၉ ပီပါထွက်ရှိပြီး သဘာဝဓာတ်ငွေ့နေ့စဉ် ကုဗပေ ၂ဒသမ ၈ သန်း ထွက်ရှိနိုင်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# လာအိုမြောက်ပိုင်းတွင် လျှော်လှုပ်

ဗန်ကောက် မေ ၁၇

လာအိုနိုင်ငံမြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိ လျှော်လှုပ်ခဲ့ရာ တောင်ဘက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အထိလည်းကောင်း၊ အရှေ့ဘက်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ အထိလည်းကောင်း အဆောက်အအုံများ တုန်ခါသွားကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဗန်ကောက်တွင် အဆောက်အအုံများ တုန်ခါသွားသဖြင့် ဈေးသည်များ အဆောက်အအုံများမှ ကြောက်လန့်တကြားဖြင့် ဆင်းပြေးခဲ့ကြသည်။ ဟနွိုင်းတွင် မြင့်မားသော အဆောက်အအုံများရှိ ရုံးဝန်ထမ်းများ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# နေတိုးအဖွဲ့ဝင်ဖြစ်မှု ဖင်လန်ပြည်သူများဆန့်ကျင်

ဟယ်လ်ဆင်ကီး မေ ၁၇

ဖင်လန်နိုင်ငံသူ၊ နိုင်ငံသား ၆၃ ရာနှုန်းက ဖင်လန်နိုင်ငံက မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) အဖွဲ့ဝင်ဖြစ်မှုအပေါ် ဆန့်ကျင်ကြကြောင်း အသစ်တစ်ဖန်ကောက်ယူသည့် လူထုသဘောထားစစ်တမ်းတွင် ဖော်ပြထားသည်။

ယင်းစစ်တမ်းကို တာရန်ဆာနိုမက်နှင့် ဗာလီ-ဆူအိုမင် ဆန်နိုမာလီဒက် သတင်းစာနှစ်စောင်က ကောက်ယူပြီး ထုတ်ပြန်ကြေညာခြင်း ဖြစ်သည်။

ယင်းသတင်းစာနှစ်စောင်က ဖင်လန်နိုင်ငံသူ၊ နိုင်ငံသား ၁၀၀၀ ကို လွန်ခဲ့သည့် ရက်သတ္တပတ်က မေးမြန်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ယင်းတို့အနက် ၂၇ ရာနှုန်းက နေတိုးအဖွဲ့ဝင်ဖြစ်ခြင်းကို ထောက်ခံကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



# ကင်ညာနိုင်ငံ နိုင်ရိုဘီ လေဆိပ်၌ လေယာဉ်က အဆောက်အအုံကို ဝင်တိုက်

နိုင်ရိုဘီ မေ ၁၇

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ ဝီလ်ဆင် လေဆိပ်တွင် ကုန်တင်လေယာဉ်တစ်စင်း မေ ၁၆ ရက်က အဆောက်အအုံတစ်ခုကို ဝင်တိုက်ရာ လူနှစ်ဦးမှာ ဘေးမသီရန်မခဘဲ လွတ်မြောက်သွားသည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင်လေယာဉ်မှာပျံတက်စဉ်လေယာဉ်မှာ ရုတ်တရက် ပြေးလမ်းမှချော်ထွက်သွားပြီး အဆောက်အအုံကို ဝင်တိုက်ခြင်းဖြစ်သည်ဟုလေဆိပ်ရဲတပ်ဖွဲ့အကြီးအကဲ ဘီထရက်နဒူတာက ပြောကြားသည်။

အဆိုပါလေယာဉ်၏ လေယာဉ်မှူးမှာ အမျိုးသမီးဖြစ်ပြီး လေယာဉ်ပေါ်၌ အခြားတစ်ဦးလည်းရှိသည်။ ယင်းလေယာဉ်သည် ကုန်ပစ္စည်းများကို ဂျိုမိုကင်ညာတာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သယ်ပို့ပေးမည့် လေယာဉ်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကနဦးစုံစမ်းမှုများအရ လေယာဉ်အတက်တွင် လေယာဉ်၏ဘရိတ်စနစ် ချွတ်ယွင်းသွားခြင်း ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်တွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်း၌ အသုံးပြုသည့် ခွေးများကို မေ ၁၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယနိုင်ငံတောင်ပိုင်း အပူလှိုင်းကျရောက် ၁၂၈ ဦး သေဆုံး

ဟိုက်ဒရာဘတ် မေ ၁၈

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် လွန်ခဲ့သည့် ၁၀ရက်တာကာလတွင် အပူလှိုင်းကျရောက်ခဲ့သဖြင့် ၁၂၈ဦး သေဆုံးကြောင်း၊ သေဆုံးသူ အများစုမှာ လမ်းဘေးနေသူ အိုးမဲ့အိမ်မဲ့များဖြစ်ကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ပျမ်းမျှအပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်စ် (၁၁၃ ဒီဂရီဖာရင်ဟိုက်)အထိ မြင့်တက်ခဲ့ကြောင်း၊ ယင်းပြည်နယ်ရှိ ခရိုင်နှစ်ခုတွင် ၄၉ဒသမ၈ ဒီဂရီဆဲလ်စီးယပ်စ်အထိ ပူပြင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ အိန္ဒိယနိုင်ငံတွင် နှစ်စဉ် အပူလှိုင်းကျရောက်မှုကြောင့် လူရာပေါင်းများစွာ သေဆုံးရလေ့ရှိသည်။***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

# ထိုင်း၌ ဗုံး ၇၀၀ ကျော် သိမ်းဆည်းရမိ

ဗန်ကောက် မေ ၁၈

ထိုင်းနိုင်ငံအလယ်ပိုင်း ဆာရာဘူရီပြည်နယ်ရှိ နေအိမ်မှ မေ ၁၇ ရက်ညနေက အင်အားပြင်းဗုံးအလုံး ၇၀၀ ကျော်ကို ထိုင်းရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့သည်။ ယင်းပြည်နယ်သည် ဗန်ကောက်မြို့မှ ကီလိုမီတာ ၁၀၀ အကွာတွင် တည်ရှိသည်။

သတင်းပေးချက်အရ မေ ၁၇ ရက်ညနေတွင် ဆာရာဘူရီပြည်နယ် မန်အရပ်ရှိ နေအိမ်ကို ရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေရာ အင်အားပြင်းဗုံးအလုံး ၇၀၀ ကို တွေ့ရှိကြောင်း ရဲအရာရှိက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဗုံးပိုင်ရှင်ကိုလည်း ဖမ်းဆီးပြီး ဗန်ကောက်မြို့တွင် စုံစမ်းစစ်ဆေးမှုများက ဆောင်ရွက်လျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဒေသရင်းအပင်နှင့် တိရစ္ဆာန်ထိန်းသိမ်းရေး အာဆီယံနိုင်ငံများ ဆွေးနွေးမည်

ဂျာကာတာ မေ ၁၇

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သည် ဒုတိယအကြိမ် ဒေသရင်းအပင်များနှင့် ဒေသရင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေအာဏာသက်ဝင်ရေးအဖွဲ့၏ ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်ရှိ ဘိုင်ဂေါမြို့တွင် မေ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း အင်ဒိုနီးရှား သစ်တောရေးရာဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါညီလာခံသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ် ၁၀၀ တက်ရောက်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အာဆီယံဒေသရင်းအပင်များနှင့် ဒေသရင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေအာဏာသက်ဝင်ရေးအဖွဲ့၏ ညီလာခံသို့ လေ့လာသူများအဖြစ် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ နီပေါ၊ အမေရိကန်နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့မှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်သည်။

အာဆီယံ ဒေသရင်းအပင်များနှင့် ဒေသရင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ အာဏာသက်ဝင်ရေးအဖွဲ့ကို ၂၀၀၅ ခုနှစ်တွင် ဗန်ကောက်မြို့၌ ထူထောင်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**တိုကျိုမြို့ စီးပွားရေးရပ်ကွက်ရှိ ဂင်ဇာလမ်းမကြီးကို မေ ၁၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ရုရှားတွင် လူ ၁ ဒသမ ၃ သန်း အိပ်ချ်အိုင်ဗွီပိုး ရပ်စစ်ရှိနေ

**မော်စကို မေ ၁၇**

ရုရှားနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(အိဒ်စ်)ဖြစ်ပွားမှု ဆိုးရွားလာကြောင်း၊ လူပေါင်း ၁ ဒသမ ၃ သန်း၌ အိဒ်စ်ရောဂါဖြစ်စေသော အိပ်ချ်အိုင်ဗွီပိုးရပ်စ်ရှိနေကြောင်း ရုရှားအိဒ်စ်ရောဂါတိုက်ဖျက်ရေးဗဟိုဌာန အကြီးအကဲက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရုရှားနိုင်ငံတွင် အိပ်ချ်အိုင်ဗွီပိုးရပ်စ်ပိုး ရှိသူများအဖြစ် တရားဝင်မှတ်ပုံတင်ခံရသူ ၄၀၂၀၀၀ အနက် ၁၇၀၀၀ မှာ သေဆုံးခဲ့ရပြီဖြစ်ကြောင်း၊ လက်တွေ့တွင် ဖော်ပြပါဦးရေထက် သေဆုံးသူပိုမိုများပြားနိုင်ကြောင်း အဆိုပါဗဟိုဌာနအကြီးအကဲ တာဒင်မိုရိုစကီးက သတင်းထောက်များအား ပြောကြားသည်။

ရုရှားနိုင်ငံတွင် လူ ၁ ဒသမ ၂ သန်းမှ ၁ဒသမ ၃သန်းအထိ အိပ်ချ်အိုင်ဗွီပိုးရပ်စ်ပိုးရှိသည်ဟု မိမိတို့ခန့်မှန်းကြောင်း၊ အိပ်ချ်အိုင်ဗွီပိုးရပ်စ်ရှိသူအဖြစ် မှတ်ပုံတင်ခံရသူဦးရေမှာ တစ်နှစ်လျှင် ၈ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းအထိမြင့်တက်နေကြောင်း မိုရိုစကီးက ပြောကြားသည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း၌ အိပ်ချ်အိုင်ဗွီပိုးရပ်စ်ကူးစက်ခံထားရသူ ၆၅ သန်းခန့်ရှိသည်ဟု ကုလသမဂ္ဂကခန့်မှန်းထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ



ဂျာမနီနိုင်ငံ ဆင်ဒယ်လ်ဖင်းဂျင်မြို့ရှိ မာစီဒီးစ်မော်တော်ကားစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၁၇ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*



**သမုဒ္ဒရာကြမ်းပြင်တွင် စမ်းသပ်သုတေသနပြုလုပ်နေသည့် သိပ္ပံပညာရှင်နှစ်ဦးကို မေ ၁၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# လူနာများအား အသည်းရောင်ရောဂါကူးစက်စေမှုဖြင့် စပိန်ဆရာဝန်ကို ထောင်ဒဏ် ၁၉၃၃ နှစ် ချမှတ်

**မဒရစ် မေ ၁၇**

အသုံးပြုပြီး ဆေးထိုးအပ်များကို ပြန်လည်အသုံးပြုခြင်းဖြင့် လူနာပေါင်း ၂၇၁ ဦးကို အသည်းရောင် အသားဝါ(စီ)ရောဂါကူးစက်စေခြင်းနှင့် လေးဦးသေဆုံးခဲ့ရခြင်းတို့အတွက် စပိန်နိုင်ငံသားဆရာဝန်တစ်ဦးအား ထောင်ဒဏ် ၁၉၃၃ နှစ် ကျခံစေရန်နှင့် နစ်နာကြေးအဖြစ် ယူရိုတစ်သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ သန်း)ပေးဆောင်ရန် တရားရုံးက မေ ၁၅ရက်တွင် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

ဒေါက်တာမာဆိုဗီလက်ဇ်သည် စပိန်နိုင်ငံ ဗလင်စီယာမြို့ရှိ ဆေးရုံလေးရုံတွင် လူနာများအား အသည်းရောင် အသားဝါ(စီ)ဗိုင်းရပ်ပိုးကို ကူးစက်စေခဲ့ကြောင်း၊ ၎င်းသည် စိတ်အပန်းပြေနိုင်သော ဆေးဝါးတစ်မျိုးအဖြစ် မေ့ဆေးကို အသုံးပြုခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ၎င်းကိုယ်တိုင်နှင့် အခြားလူနာများအား မေ့ဆေးပေးရာတွင် သုံးစွဲပြီး ဆေးထိုးအပ်များကို အကြိမ်ကြိမ်အသုံးပြုခဲ့ကြောင်းတရားရုံးကစစ်ဆေးတွေ့ရှိသည်။ ဒေါက်တာမာဆိုဗီလက်ဇ်သည် ၎င်းကိုယ်တိုင် အသည်းရောင်အသားဝါရောဂါပိုးရှိနေသည်ကို သိရှိသော်လည်းမသိရှိပါဟုငြင်းဆိုခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# အန္တာတိက ရေခဲပြင်တွင် ရေခဲပျော်မှုနှုန်း မြန်ဆန်

**ဝါရှင်တန် မေ ၁၇**

အန္တာတိကရေခဲပြင်ဒေသမှ ရေခဲများ ၂၀၀၅ခုနှစ်အတွင်းက အရည်ပျော်ကျခဲ့သည်။ နွေရာသီကာလတွင်ရက်သတ္တတစ်ပတ်မျှအပူချိန် ပြင်းထန်နေပါက ရေခဲပြင်အောက်တွင် ရေခဲအရည်ပျော်နှုန်းသည် ပိုမိုမြန်ဆန်လာနိုင်ကြောင်း နာဆာအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

**အရည်ပျော်**

အမေရိကန်ပြည်ထောင်စုမှ ကယ်လီဖိုးနီးယားပြည်နယ်အရွယ်အစားရှိအဆိုပါ ရေခဲပြင်သည် အရည်ပျော်ပြီး ပြန်လည်ရေခဲသည့်နှုန်းသည် နှစ်ပေါင်း ၃၀ အတွင်း အနိမ့်ဆုံးသောနှုန်း ဖြစ်သည်ဟု ဂြိုဟ်တုမှပေးပို့သည့် အချက်အလက်အပေါ် လေ့လာချက်အရ သိရသည်ဟု နာဆာက ပြောကြားသည်။

**တိုင်းတာ**

ကယ်လီဖိုးနီးယားပြည်နယ် ပါဆာဒီနားဒေသ ဆန်ကင်ဂျီယင်နှင့် တိုလ်ဒါဒေသ ကော်လိုရာဒို တက္ကသိုလ်မှ ကွန်နတ်စာလက်ဖင်တို့က အန္တာတိကဒေသတွင် နှင်းကျသည့် ပမာဏနှင့် ရေခဲပျော်ပုံကို ၁၉၉၉ခုနှစ်မှ၂၀၀၅ ခုနှစ် ဇူလိုင်လအထိ တိုင်းတာခဲ့သည်။

ယင်းဒေသ၏အမြင့်ပိုင်းနှင့် အတွင်းပိုင်းတစ်လျှောက်အပါ နေရာအများစုတွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီအတွင်း ရေခဲအရည်ပျော်သည့် အထောက်အထားကို တွေ့ရှိခဲ့ရသည်။ ယင်းကာလတွင် အပူချိန်သည် ၄၁ ဒီဂရီဖာရင်ဟိုက်အထိရှိခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

**အီတလီနိုင်ငံ၌ တာဝေးစက်ဘီးစီးပြိုင်ပွဲ ကျင်းပနေသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# အာဖဂန်တွင်ရေလွှမ်းမိုး

**ကဘူး မေ ၁၇**

အာဖဂန်နစ္စတန် အရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ နေအိမ် ၈၀၀ ကျော် ပျက်စီးခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တရုတ်၊ ပါကစ္စတန်နှင့် တာဂျီကစ္စတန်နိုင်ငံတို့နှင့် နယ်စပ်ချင်း ထိစပ်နေသော ဘာဒါဂါရှန်ပြည်နယ်ရှိ ဒေသများတွင် ရေလွှမ်းမိုးလျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနကပြောကြားသည်။

ရေဘေးဒုက္ခသည်များအား အကူအညီပေးရန် ပြည်ထဲရေးဝန်ကြီးဌာနက ဒေသဆိုင်ရာနှင့် ပြည်ပကယ်ဆယ်ရေးအဖွဲ့များအား မေတ္တာရပ်ခံထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# အာဖဂန်အရပ်သားများ ထိခိုက်သေဆုံးမှု မရှိရေး ပြည်ပတပ်ဖွဲ့များ၏ နည်းဗျူဟာ ပြန်လည်သုံးသပ်သင့်

**ဘရပ်ဆယ် မေ ၁၇**

အာဖဂန်နစ္စတန်နိုင်ငံတွင်မကြာသေးမီရက်သတ္တပတ်များက တိုက်ခိုက်မှုများအတွင်း အရပ်သားများသေဆုံးရမှုများ ဖြစ်ပေါ်ပြီးနောက် ယင်းနိုင်ငံရှိ ပြည်ပတပ်ဖွဲ့များ၏ နည်းဗျူဟာများကို ပြန်လည်သုံးသပ်ရန် ဂျာမနီနိုင်ငံက မေ ၁၄ရက်က တိုက်တွန်းလိုက်သည်။

**- ပြောကြား -**

လက်ရှိ နည်းဗျူဟာများဖြင့် စစ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်မှုကိုရပ်ဆိုင်းရမည်ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြည်ပတပ်ဖွဲ့များအား ရန်လိုမုန်းတီးမှုများ မဖြစ်ပေါ်စေသင့်ကြောင်း ဘရပ်ဆယ်၌ ဂျာမနီကာကွယ်ရေးဝန်ကြီး ဖရန့်ဇ်ဂျိုဆက်ဖ်ဂျန်ကသတင်းထောက်များအား ပြောကြားသည်။

**- ပြန်လည်သုံးသပ် -**

တာလီဘန်စစ်သွေးကြွများကို တိုက်ခိုက်သည့် စစ်ပွဲတွင် အနောက်နိုင်ငံများမှ တပ်ဖွဲ့များ၏ နည်းဗျူဟာများကို ပြန်လည်သုံးသပ်သင့်ကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် ယခုလအစောပိုင်းက လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် ရွာသား ၄၀ ကျော် သေဆုံးကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်က နိုင်ငံတောင်ပိုင်း၌ တာလီဘန် ပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် အရပ်သားများ ထိခိုက်သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဘရာဇီးနှင့်အာဂျင်တီးနား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်

**ဘရာဆီးလီးယား မေ ၁၇**

ဘရာဇီးနှင့်အာဂျင်တီးနားနိုင်ငံတို့က နှစ်နိုင်ငံဆိုင်ရာ စွမ်းအင်ပူးပေါင်းရေး မြှင့်တင်ရန်၊ ပူးတွဲလုပ်ငန်းဆောင်ရွက်ရေးအုပ်စုတည်ထောင်ရန် အင်္ဂါနေ့က သဘောတူညီကြကြောင်း အေဂျင်စီယာ ဘရာဇီးသတင်းဌာနက ဖော်ပြသည်။

ဘရာဇီးစွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီး ရွန်ဒီယူနှင့်အာဂျင်တီးနား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုဝန်ကြီး ဒီဗီဒိုတိုက စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့စဉ်အတွင်း ယင်းသို့သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရေးအုပ်စုက စွမ်းအင်ဆိုင်ရာ မဟာဗျူဟာချမှတ်ရန်အတွက် ပထမအကြိမ်အစည်းအဝေးကျင်းပမည်ဖြစ်သည်။

ရွန်ဒီယူက ဇီဝလောင်စာ ထုတ်လုပ်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စသည် အရေးပါပြီး နှစ်နိုင်ငံစလုံးကလည်း ဇီဝလောင်စာ ထုတ်လုပ်တင်ပို့ရောင်းချသည့်နိုင်ငံများဖြစ်သည်ဟု ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ညောင်ရိပ်သာ ဝါဦးအဓိဋ္ဌာန်တရားစခန်း

ရန်ကုန် မေ ၁၈

သာကေတမြို့နယ် (၁၀/တောင်) ရပ်ကွက် (၁၀၈)တောင် စွယ်တော်ရှင် ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် ဝါဦးကာလ နယုန်လမှစ၍ လစဉ်လဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန် တရားစခန်းကို လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသီကာရနည်းအရ ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်က ဟောပြောပြသမည်ဖြစ်သည်။

ထို့အပြင်ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကျော်ကုန်ကျမည့် မူလလေးထပ် ဓမ္မဗိမာန် တရားစခန်း တိုးချဲ့ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းလိုသူများနှင့် ဝိဟာရဒါန ဓမ္မဒါန အလှူပါဝင်လိုသူများ၊ တရားစခန်းဝင်ရောက်လိုသူများ ဖုန်း-၅၄၇၀၂၅၊ ၀၉-၅၁၃၅၅၄၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

## ကံမြင့်ကျောင်း တိပိဋကဓရတရားပွဲ

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် တိပိဋကဓရ ဆရာတော်ကြီးများ တရားပွဲကျင်းပမည်ဖြစ်ရာ မေ ၂၂ရက်တွင် တိပိဋကဓရ ဆရာတော် ဦးကောဏ္ဍညကလည်းကောင်း၊ မေ၂၃ ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးသီလက္ခန္ဓာဘိဝံသက လည်းကောင်း၊ မေ ၂၄ရက်တွင် တိပိဋကဓရဆရာတော် ဦးအဘိဇာတက လည်းကောင်း၊ မေ ၂၅ရက်တွင် တိပိဋကဓရ တိပိဋက ကောဝိဒ စွန်းလွန်း ဆရာတော် ဦးသုန္ဒရက လည်းကောင်း၊ မေ ၂၆ရက်တွင် တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော် ဦးကုန္ဒပါလက လည်းကောင်း၊ မေ ၂၇ရက်တွင် တိပိဋကဓရဆရာတော် ဦးကုန္ဒာစရိယက လည်းကောင်း၊ မေ ၂၈ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဦးဝံသပါလကလည်းကောင်း၊ မေ ၂၉ရက်တွင် တိပိဋကဓမ္မဘဏ္ဍာဂါရိကဦးဂန္ဓမာလာလင်္ကာရကလည်းကောင်း၊ မေ ၃၀ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ရေစကြို ဆရာတော် ဦးဝါယာမိန္ဒာဘိဝံသကလည်းကောင်း၊ မေ ၃၁ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဦးသိရိန္ဒာဘိဝံသက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟော ကြားမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## မြန်မာနိုင်ငံ၌ မြေလျှင်စခန်းနှစ်ခုနှင့် မြေလျှင်သတင်းအချက်အလက် ဗဟိုဌာနတစ်ခု တည်ထောင်ရေးကိစ္စရပ်များ ဆွေးနွေး



ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြေငလျင်ကြီးကြပ်အုပ်ချုပ်မှုအဖွဲ့ မြေငလျင်တိုင်းစခန်းများ ထူထောင်ရေးဌာန၏ ဒုတိယအင်ဂျင်နီယာချုပ် Mr. Chen Huizhong နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြေငလျင်ကြီးကြပ်အုပ်ချုပ်မှုအဖွဲ့ မြေငလျင်တိုင်းစခန်းများ ထူထောင်ရေးဌာန၏ ဒုတိယအင်ဂျင်နီယာချုပ်ဖြစ်သူ Mr. Chen Huizhong ခေါင်းဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

### ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံတွင် မြေငလျင်စခန်းနှစ်ခုနှင့် မြေငလျင်သတင်းအချက်အလက် ဗဟိုဌာနတစ်ခုတည်ထောင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

## ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကျေးလက်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်၊ အခမဲ့ဆေးကုခန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် မေ ၁၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်ပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာအခမဲ့ဆေးကုခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ဆေးကုခန်းကို ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် နံနက်၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့သို့ ရောက်ရှိပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ခရမ်းမြို့နယ်ရှိ တမံကြီးကျေးရွာနှင့် ကျုံတူးကျေးရွာတို့မှ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်နေ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် အချင်းလေးလက်မရှိ စက်ရေတွင်းတူးဖော်ရန် အမှတ်(၄)ရပ်ကွက် စနေလမ်းနေ ဦးကျင်ထွန်း - ဒေါ်ဝင်း မိသားစုက ငွေကျပ် သိန်း၅၀၊ ဖြိုးမေတ္တာ ကျန်းမာရေး စောင့်ရှောက်မှုအသင်းအတွက် တမံကြီးကျေးရွာမှ အလှူရှင်များက ငွေကျပ် သုံးသိန်း၊ ကျုံတူးကျေးရွာမှ အလှူရှင်များက ငွေကျပ် ၂၃၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာကျေးရွာရပ်မိရပ်ဖများနှင့် တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် သန်လျင်မြို့ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာ အခမဲ့ဆေးကုခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်း ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာအခမဲ့ဆေးကုခန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါ မြို့နယ်အသင်းရုံးရှိ ဆေးကုခန်းရှေ့၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးမြင့်တို့က ဖြိုးစေတနာအခမဲ့ဆေးကုခန်းကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဖြိုးစေတနာ အခမဲ့ ဆေးကုခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အသင်းရုံးခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ် အမှုဆောင် မြို့တော်ဝန်က အမှာစကား ပြောကြားသည်။

ထို့နောက် အလှူရှင် စေတနာရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်တောင်ပိုင်း ခရိုင် မော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီတို့က ငွေကျပ် ငါးသိန်းစီ၊ အမှတ်(၁) ရေနံချက်စက်ရုံဝန်ထမ်းမိသားစုက ငွေကျပ် ၂၁၅၅၀၀၊ ဦးဌေးမိုး-ဒေါ်လဲ့လဲ့စန်း မိသားစု၊ ဆန်စက်လုပ်ငန်းရှင်များ အသင်းခွဲ(သန်လျင်)၊ ဦးမောင်စန်း-ဒေါ်သန်းသန်းရွှေ(မြဝတီ) မိသားစု၊ ဦးမောင်မြင့်မိသားစုနှင့် ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင် မိသားစုတို့က ငွေကျပ် တစ်သိန်းစီအပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၄၂၀၅၀၀ကိုပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက် အတွင်းရေးမှူး ဦးသာဝင်းနှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### အဆိုပြုလွှာပေးအပ်

ဆက်လက်၍ သန်လျင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများနေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ အစောင် ၃၀၀ကို ပုဂံတောင်ကျေးရွာ စည်းရုံးရေးမှူး ဦးအောင်ငွေက ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့် ထံပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (၁၉)





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခရမ်းမြို့နယ်ရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။** (၁၉)

## ကွမ်ရှီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ရေဒီယို၊ ရုပ်ရှင်နှင့် တီဗွီဗျူရိုမှ ကိုယ်စားလှယ်အဖွဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာ

ရန်ကုန် မေ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Zhuang Automous Region Bureau of Radio, Film and Television မှ Director General Mr. Yang Jianguo ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးပါသော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်စပ်လျဉ်း၍ ပရိဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဧည့်သည်လေ့လာရေးအဖွဲ့သည် မြန်မာ့အသံ အသံသွင်းစတူဒီယို (D)၌ မြန်မာမှု အနုပညာသရုပ်ပြအသံသွင်းမှုကို ကြည့်ရှုလေ့လာပြီး ရုပ်မြင်သံကြား စတူဒီယို(၁)၌ မြန်မာ့ရိုးရာ အဆို အကများ သရုပ်ပြရိုက်ကူးမှုကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ပြီးဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေပဒေသာပင်၊ စာအုပ်စာစောင်များနှင့် လူထုဆက်သွယ်ရေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၁၇တိုက်ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။

အဆိုပါ စာကြည့်တိုက်များအတွက် စေတနာရှင်များက လှူဒါန်းလိုသော စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ တယ်လီဖုန်း ၀၁-၂၅၄၂၇၀သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ဒေသခံ ပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့က ခြံစည်းရိုးကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးကြပြီး တပ်နယ်စိုက်ကွင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ခြံစည်းရိုးကြက်ဆူပင်များ ယခုထက် ပိုမိုဖြစ်ထွန်းအောင်မြင်ရေးအတွက် လိုအပ်သော မြေဩဇာကျွေးမွေးမှုများ၊ ပေါင်းသင် ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်သွားကြရေး မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်သည်။

လားရှိုးတပ်နယ် တပ်ရင်းတပ်ဖွဲ့များအနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ် ကြက်ဆူစိုက်ပျိုးရေးရာသီတွင် ၂၇၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် ကြက်ဆူစိုက်ပျိုးရေးရာသီတွင် ဧက ၁၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုး-မူဆယ် ကားလမ်းနံဘေးရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာခင်ထိုက်ထိုက်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးသွားသော နည်းပညာတက္ကသိုလ် အဆောက်အအုံ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့နယ်နှင့် သီပေါမြို့နယ်အကြားရှိ နမ့်ပေါင်-နမ္မ ချောင်းကူးကွန်ကရစ်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

# ဒေသတစ်ခုချင်းစီ၌ ဒေသဝမ်းစာဖူလုံရေးကို အဓိကထား ကြိုးပမ်းဆောင်ရွက် မိမိဒေသမှ အထွက်ကောင်းမျိုးများကို အခြားပြည်နယ်၊တိုင်းများက စိုက်ပျိုးလာနိုင်ရန် နည်းပညာဖြန့်ဝေ

အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းအဆောက်အအုံနှင့် လိုက်ဖက်ညီသော သင်ကြားမှု အထောက်အကူပစ္စည်းများ ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ အနာဂတ်တွင် ဒေသတွင်းမှ လူငယ်အင်ဂျင်နီယာများ မွေးထုတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများ၏ အင်ဂျင်နီယာဘာသာရပ်များ သင်ယူလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါနည်းပညာတက္ကသိုလ် လားရှိုးမှာ ကျောင်းသား၊ ကျောင်းသူ ၃၃၀၀ ပညာသင်ကြားနိုင်ပြီး ယခုအခါ ကျောင်းသား၊ ကျောင်းသူ ၄၁၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နှင်းနှင်းခိုင်ကုမ္ပဏီ၏ အဆင့်မြင့် ဇီဝဒီဇယ်ဆီထုတ်စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံညွှန်ကြားရေးမှူး ဦးဖေမြင့်က ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း အဆင့်မြင့်ဇီဝဒီဇယ်ဆီထုတ် စက်ရုံခြောက်ရုံ တည်ဆောက်ခဲ့ပြီး ဇီဝဒီဇယ်ဆီများ ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေ၊ စက်ရုံ၏ ဇီဝဒီဇယ်ဆီထုတ်လုပ်မှုအဆင့်ဆင့်တို့နှင့် ဇီဝဒီဇယ်ဆီဖြင့် မောင်းနှင်နိုင်သည့် Land Cruiser-V-8 မော်တော်ယာဉ်၏ စက်စွမ်းအင် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ တိုးတက်အောင်မြင်စေရန် သုတေသနပြု ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်နယ်အတွင်း၌ ဇီဝဒီဇယ်ဆီထုတ်စက်ရုံမှ ထုတ်လုပ်ထားရှိသော ဇီဝဒီဇယ်စက်သုံးဆီများနှင့် လူသုံးကုန်ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်ဇီဝဒီဇယ်ထုတ်စက်ရုံ၏ စက်လည်ပတ်မှုအဆင့်ဆင့်နှင့် ဇီဝဒီဇယ်ထုတ်လုပ်မှုနည်းစဉ်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ အထူးအထွက်တိုး ဆင်းရှေလီမျိုးစေ့ထုတ်လုပ်စိုက်ပျိုးခြင်း ဧက ၂၀ စိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ခင်းရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်ပိုင် စိုက်ကွင်းများအတွင်း ဟူးမွန်ဆည်ရေကို အသုံးပြု၍ တစ်နှစ်လျှင် စပါးနှစ်သီးနှင့် ဆောင်းသီးနှံတစ်သီး စုစုပေါင်း သုံးသီးစိုက်ပျိုးကာ ဒေသဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ပြည်နယ်အတွင်း တိုးတက်လာသော လူဦးရေနှင့်အညီ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးရာသီတွင် ဆင်းရှေလီစိုက်ဧက ၁၆၈၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် ဆင်းရှေလီစပ်မျိုးစပါး (F.1) မျိုးစေ့ထုတ်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်မှ စိုက်ပျိုးရေးကို အဓိကအလေးထား ဆောင်ရွက်နေခြင်းဖြစ်ရာ ဒေသတစ်ခုချင်းစီ၌ ဒေသဝမ်းစာဖူလုံရေးကို အဓိကထား ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိဒေသမှ အထွက်ကောင်းမျိုးများကို အခြားပြည်နယ်နှင့်တိုင်းများကပါ စိုက်ပျိုးလာနိုင်အောင် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးသွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့လည်း လိုအပ်သော နည်းပညာအကူအညီများရယူပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စပါးအထွက်သုံးဆတိုးစေရန် စံနမူနာပြထားသည့် အထူးအထွက်တိုး ဆင်းရှေလီစပ်မျိုး စပါးမျိုးစေ့နမူနာများကို ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းစိုက်ကွင်းများအတွင်း စိုက်ပျိုးသွားမည့် ပီလောပီနံပင်နမူနာများကို ကြည့်ရှုစစ်ဆေးကာ ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆင်းရှေလီ နွေစပါးတစ်ဧက တင်း ၂၇၀ စံပြယှဉ်ပြိုင်ကွက်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်းရှေလီနွေစပါး တစ်ဧကတင်း ၂၅၀ စံပြယှဉ်ပြိုင်ကွက် ၁၀ ဧက အတွင်း၌ ဒေသခံတောင်သူ ဦးစိုင်းထွန်းလူ၏ ယှဉ်ပြိုင် စိုက်ကွက် ၄ဒသမ ၄၅ ဧက၌ ဆင်းရှေလီ(F.1) မျိုး နွေစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး လားရှိုးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဝင်းအတွင်း ခြံစည်းရိုးကြက်ဆူ ဧက ၁၀၀ စံပြစိုက်ခင်း၌ စိုက်ပျိုးထားရှိသည့် ယခင်နှစ်က နှစ်သီးရရှိပြီး ယခုအခါ အသီးအပွင့်များဖြင့် အောင်မြင်ဖြစ်ထွန်းသော ခြံစည်းရိုးကြက်ဆူပင်များကိုလည်းကောင်း၊ အောင်မြင်ဖြစ်ထွန်းနေသော လေးဧကရှိသည့် ကြက်သွန်စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုး-မိုင်းရယ်-တန့်ယန်း ကားလမ်း လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာခဲ့ကြရာ လားရှိုးမြို့နယ်နှင့် သီပေါမြို့နယ်အကြားရှိ နမ့်ပေါင်-နမ္မ ချောင်းကူးကွန်ကရစ်တံတား၊ ကုန်းပေါင်းကျေးရွာ ကီလိုဝပ် ၂၀ ရေအားလျှပ်စစ်စက်ရုံနှင့် နမ္မ(ဝမ်လုံ) ကျေးရွာ ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ လားရှိုးခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် တံတားဆောက်လုပ်ရေးအလှူရှင် ငွေရည်ပုလဲကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်တို့က နမ့်ပေါင်-နမ္မ ချောင်းကူးကွန်ကရစ်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် ဒေသခံပြည်သူများသည် နမ့်ပေါင်-နမ္မ ချောင်းကူးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ နမ့်ပေါင်-နမ္မ ချောင်းကူးတံတားမှာ အလျားပေ ၈၀၊ အကျယ် ၁၆ ပေ တံတားတစ်စင်းနှင့် အလျား ပေ ၁၂၀၊ အကျယ် ၁၆ပေ တံတားတစ်စင်းတို့ကို ဆက်စပ်တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ တံတားကို သီပေါမြို့နယ် နမ္မကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ခုနစ်ရွာနှင့် အနီးဝန်းကျင်မှ ကျေးရွာခုနစ်ရွာခန့်ကို ရာသီမရွေး သွားလာနိုင်ရန် ငွေရည်ပုလဲကုမ္ပဏီမှ ငွေကျပ်သိန်း ၁၂၀၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် သီပေါမြို့နယ် ကုန်းပေါင်းကျေးရွာ ကီလိုဝပ် ၂၀ ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းနှင့် အလှူရှင် ငွေရည်ပုလဲကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်တို့က ရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေအားလျှပ်စစ်စက်ရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံကို ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စက်ရုံအနီးဝန်းကျင်ရှိ မောက်တောင်းကျေးရွာနှင့် ကုန်းပေါင်းကျေးရွာတို့မှ အိမ်ခြေ ၁၅၀ ခန့်ကို လျှပ်စစ်ဓာတ်အားပေးဝေနိုင်မည်ဖြစ်သည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကံ့ကော်ပင်ကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်

ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်တို့က ခရေပင်များကိုလည်းကောင်း အသီးသီး စိုက်ပျိုးပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို တံတားထိပ်ရှိ ယာယီ မဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ အလှူရှင် ငွေရည်ပုလဲကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသိန်းမြင့်က ချောင်းကူးတံတားနှင့် ရေအားလျှပ်စစ် စက်ရုံများ ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်မှ ကျေးလက်ဒေသပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့နိုင်ငံတော်မှ ကျေးလက်ဒေသနှင့် မြို့ပြကွာဟချက် နည်းနိုင်သမျှနည်းပါးစေရန် ကြိုးပမ်းနေချိန်တွင် ဒေသခံများက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးစိုက်ထုတ် အကုန်အကျခံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီ ဆောင်ရွက်နေကြသည်မှာ လွန်စွာကျေနပ်အားရဖွယ်ရာ ဖြစ်ကြောင်း။

ထိုကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည့် အလှူရှင်များ ပေါ်ထွက်လာခြင်းကို ကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်နှင့် ဒေသခံပြည်သူများ ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေရည်ပုလဲကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်က နမ့်ပေါင်-နမ္မ ချောင်းကူးသံကူကွန်ကရစ်တံတားနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လားရှိုးခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းထံသို့ လည်းကောင်း၊ ကီလိုဝပ် ၂၀ ရေအားလျှပ်စစ်စက်ရုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းထံသို့ လည်းကောင်း၊ ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်စက်ရုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်ထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ချောင်းကူးတံတားနှင့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် ဝမ်လုံ(နမ္မ) ကျေးရွာအနီး၌ ကျင်းပသည့် ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် ငွေရည်ပုလဲကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်တို့က စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်စက်ရုံအတွင်း တာဘိုင်စက်များ တပ်ဆင်ထားရှိမှုနှင့် ရေအားလျှပ်စစ်ထုတ်ယူမှုအဆင့်ဆင့်တို့ကို သွားရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ငွေရည်ပုလဲကုမ္ပဏီက ငွေကျပ်သိန်း ၅၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သီပေါမြို့နယ်အတွင်းရှိ ဝမ်လုံ၊နောင်ချွေး၊ နားနန်၊ ပိန်းဆိုင်းနှင့် နားနွံ့ကျေးရွာများရှိ အိမ်ခြေ ၂၅၀ ခန့်ကို လျှပ်စစ်ဓာတ်အား ပေးဝေနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

# ဖဲကြိုးဖြတ်ဖွင့်လှစ်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ သစ်ပုတ်ပင် ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ သစ်ပုတ်ပင်ကျေးရွာ ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

✻ ကျောဖုံးမှ

ရည်ရွယ်ချက်နှင့် နယ်စပ်ဒေသများ ပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာပြည်တွင် တစ်မြေတည်းနေ တစ်ရေတည်း သောက်သုံးကြသော တစ်အူထုံ့ဆင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ပိုမိုစည်းလုံးချစ်ခင်ရန်၊ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု ရှိလာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စာကြည့်တိုက်များ တည်ဆောက်ရေး၊ တံတားကြီး၊ တံတားငယ်များ တည်ဆောက်ရေး ကဏ္ဍစုံအသီးသီးတွင် နောက်ကျမကျန်ရစ်ခဲ့ရန် တစ်စိုက်မတ်မတ် ဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်ကြီးတစ်ခုလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ လူဦးရေ ၇၀ရာခိုင်နှုန်းကျော် နေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းငါးရပ် ချမှတ်ခဲ့ရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရရှိရေး၊ ပညာရေး အဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြင့်မားရေး၊ စီးပွားရေး ခိုင်မာတောင့်တင်းရေး စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်နှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရေး၊ ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာ ကြက်ဆူပင် စိုက်ပျိုးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက်သည် နိုင်ငံတော်၏ အခြေခံအကျဆုံးဒေသဖြစ်သည့်အတွက် ကျေးလက်မှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ်နှင့်တိုင်း၊ ပြည်နယ်နှင့်တိုင်းမှ ဗဟိုအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုလုပ်ငန်းများကို တစ်နိုင်ငံလုံး ကွက်လပ်မကျန်ရအောင် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ရုံသာမက လူမှုရေး အဖွဲ့အစည်းများ၊ ပြည်သူများကပါ အင်တိုက်အားတိုက် ပါဝင်လှုပ်ရှား ဆောင်ရွက်နေကြသည်ကို အားလုံး အသိပင် ဖြစ်ကြောင်း၊ ယနေ့ဆိုလျှင်လည်း ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာရှိ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာမှု လွယ်ကူစေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးအနေဖြင့် ချောင်းကူးတံတားတစ်စင်းနှင့်အတူ သစ်ပုတ်ပင်ကျေးရွာပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် အထောက်အကူဖြစ်စေမည့် အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်လှည့် အိတ်ချိန်းရုံးခွဲတစ်ခုကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ပျဉ်းမနားခရိုင် တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးကလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ပျဉ်းမနားမြို့နယ် အရှေ့ဘက် တောင်ပေါ်ကျေးရွာများတွင် ရေအားလျှပ်စစ်များကို တည်ဆောက်ပေးနိုင်ခဲ့သည့်နည်းတူ ကျေးလက်စာကြည့်တိုက်များကိုလည်း မကြာသေးမီကာလက တည်ဆောက်ပေးနေသည်ကို တွေ့ရှိနိုင်ကြောင်း။

ထိုနည်းတူစွာပင် စီးပွားရေးခိုင်မာတောင့်တင်းရေးဆိုသည့် အချက်ဖြစ်သည့် တောင်သူများ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကူညီ ဆောင်ရွက်ပေးနေသည်လည်း ရှိပါကြောင်း၊ နွေစပါး၊ မိုးစပါးစိုက်တောင်သူများကိုလည်း စိုက်ပျိုးရေးအတွက် အထောက်အကူရရှိစေနိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ပညာရေးနှင့် ပတ်သက်၍လည်း ကျောင်းဥပဓိရုပ် ကောင်းမွန်တိုးတက်ရေးကို ဆောင်ရွက်ပေးနေသည့်အပြင် ကျောင်းများလိုအပ်နေသည့် စာသင်ခုံများကိုလည်း ဆောင်ရွက်ပေးလျက်ရှိနေသည်ကိုလည်း တွေ့ရှိကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နေပြည်တော်ဒေသ ပျဉ်းမနားခရိုင်အတွင်းရှိ ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ခိုင်ဖြိုး အသင်းဝင်များနှင့်အတူ ပြည်သူများက လက်တွဲပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အားတက်သရော ကြိုးပမ်းဆောင်ရွက်ကြပါ၊ ယခုဖွင့်လှစ်လိုက်သည့် သစ်ပုတ်ပင်ကျေးရွာ ချောင်းကူးတံတားကြီးနှင့် လက်လှည့်အိတ်ချိန်းကိုလည်း ပြည်သူအများက ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါဟုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသည် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသော ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အောင်မြင်အောင် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က သစ်ပုတ်ပင်ကျေးရွာ၌ ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲ ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတား တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယနေ့သည် ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာအနေနှင့် အလွန်အင်မတန် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့တစ်နေ့ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဘာကြောင့်ဟုဆိုလျှင် ဤဒေသတွင် နှစ်ပေါင်းများစွာ အနှစ်နှစ်အလလက တွေ့ကြုံနေရသည့် ဒုက္ခအပေါင်းကို ချုပ်ငြိမ်းစေမည့် သစ်ပုတ်ပင်ချောင်းကူးတံတား တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် သွားလာမှုလွယ်ကူ ချောမွေ့သွားစေသည့်အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲအသစ်ပါ ရရှိလိုသည့် ကိစ္စများပင်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ပြည်သူလူထု၏ ဆန္ဒများ ပြည့်ဝခဲ့ပြီး ချောင်းကူးတံတားကြီးနှင့် ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲများ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

သစ်ပုတ်ပင်ချောင်းကူးတံတားသည် အရှည်ပေ ၂၅၀၊ အကျယ် လေးပေ ရှိသည့် သံလမ်း၊ သံပေါင်၊ ကြိုးဆိုင်း လူကူးခုံးတံတားဖြစ်ပါကြောင်း၊ သစ်မျှောချောင်းဖြစ်၍ ရေလမ်းကင်းလွတ် အကျယ် ပေ ၁၄၀၊ရေလမ်းကင်းလွတ် အမြင့် ၁၂ပေရအောင် ဒီဇိုင်းရေးဆွဲ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဖြစ်ကြောင်း။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် အကြားအလပ်မရှိစေရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးက ကျေးလက်ဖွံ့ဖြိုးရေး ငါးရပ် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က မိမိသစ်ပုတ်ပင်သို့ ရောက်စဉ်က ကျေးရွာလူထုက ကျေးလက်ဖွံ့ဖြိုးရေး လိုအပ်ချက်များ ပြောကြားကြရာတွင် အရေးကြီးဆုံးကိစ္စမှာ ရွာ၏အလယ်၌ ဖြတ်သန်းစီးဆင်းနေသည့် သစ်ပုတ်ပင်ချောင်းကို လူကူးတံတား ဆောက်လုပ်လိုသည့်ကိစ္စနှင့် ကောင်းမွန်လျင်မြန်သည့် ဆက်သွယ်ရေးစနစ် တည်ဆောက်ထားကြောင်း၊ အုတ်မြစ်အမျိုးအစားမှာ လွန်တူး(Bore Pile) အမျိုးအစားဖြစ်ပြီး သတ်မှတ်ချက်အတိုင်း မြေအဝင် ပေ ၉၀ အထိ ဆောင်ရွက်ထားသဖြင့် လေဒဏ်၊ မိုးဒဏ်၊ သဘာဝဘေးအန္တရာယ်များကို စိုးရိမ်ကြောင့်ကြနေကြရန် မရှိတော့ကြောင်း။

နိုင်ငံတော်က တိုတောင်းသည့် ကာလအတွင်းတွင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသည်လည်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာအောင် ကျေးလက်ဖွံ့ဖြိုးရေးငါးရပ် အစီအစဉ်များချမှတ်ပြီး ထပ်ဖြည့်ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ အသီးအပွင့်များ ရရှိခြင်းပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပြည်သူလူထုများအနေဖြင့်–

– **နိုင်ငံတော်၏ စေတနာကို သိရှိပြီး နိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေကြပါ၊**
– **ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့် အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ဆောင် ရွက်ကြပါ**

ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံ ပြည်သူတစ်ဦးက သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲ ဖွင့်လှစ်ပေးခြင်းအတွက် ကျေးလက်ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် ဧည့်သည်တော်များသည် သစ်ပုတ်ပင်ကျေးရွာရှိ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားရှေ့သို့ သွားရောက်နေရာယူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က သစ်ပုတ်ပင် ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် သစ်ပုတ်ပင် ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ကျေးလက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ သစ်ပုတ်ပင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သစ်ပုတ်ပင်ကျေးရွာ ဆက်သွယ်ရေးအိတ်ချိန်းရုံးခွဲ ဖွင့်ပွဲ အခမ်းအနားကို အိတ်ချိန်းရုံးခွဲရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အိတ်ချိန်းရုံးခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်ပုတ်ပင်ကျေးရွာ ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲအတွင်း ဝင်ရောက်ကြည့်ရှု စစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သော သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားသည် ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင် ကျေးရွာအလယ်ရှိ သစ်ပုတ်ပင်ချောင်းပေါ်တွင် တည်ဆောက်ထားသော အရှည်ပေ ၂၅၀၊ အကျယ်လေးပေရှိ သံလမ်း သံပေါင်ကြိုးဆိုင်း ခုံးတံတား အမျိုးအစားဖြစ်ပြီး တံတားအောက်ရှိ ရေလမ်းကင်းလွတ်နယ်မြေမှာ အမြင့် ၁၂ပေနှင့် အကျယ် ပေ ၁၄၀ရှိသည်။ ထို့အတူ သစ်ပုတ်ပင်ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲတွင် လက်လှည့် အိတ်ချိန်းတယ်လီဖုန်းအလုံး ၅၀ နှင့် အော်တိုတယ်လီဖုန်း နှစ်လုံးတို့ကို တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်၍ ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ

# သူရရဲအောင်နှင့်တာတိုးဝါး၊ ဝင်းထွန်းနှင့်ကျော်ငြိမ်း ယနေ့ထိုးသတ်မည်

**ဇင်လင်းထွန်း( ဓနုဖြူ )**

မြန်မာ့ရိုးရာလက်ဝှေ့ ပထမတန်းချန်ပီယံ လုံးချောနှင့် စိန်ခေါ်သူ ချာန်ထူးတို့ အလူးအလဲဖြင့် ပူးတွဲသရေပွဲ ရယူသွားသည့် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၄) လက်ဝှေ့ပွဲအပြီး မေ ၁၉ ရက် (ယနေ့)နှင့်၂၀ ရက်တို့တွင် ရန်ကုန်မြို့ ကျိုက္ကဆံ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကျင်းပဦးမည်ဖြစ်သည်။



အတွေ့အကြုံရှိပြီးသတ်လုံးသတ်ကွက်စုံသူ ရွှေခါးပတ် ချန်ပီယံ ဝင်းထွန်း (သစ်တော)

အဆိုပါ စိန်ခေါ်ပွဲတွင် ပထမတန်းပွဲကြီး မပါသော်လည်း ပရိသတ်အကြိုက် ရိုးရာလက်ဝှေ့သမားများ ပါဝင်သော ပွဲကောင်းများဖြင့် တစ်နေ့ ၁၀ ပွဲကျင်းပမည်ဖြစ်သည်။

ပထမနေ့ ငါးချီပွဲတွင် မိုက်တိုင်စန် (မြို့တော်စည်ပင်)နှင့် ချန်ဒူးဝမ်(ရွှေလက်ရာ)တို့ တွေ့ကြမည်ဖြစ်ရာ ပရိသတ် သဘောကျလိမ့်မည်ထင်သည်။ မိုက်တိုင်စန်က လက်သီးနှင့်ဒူး ပူးတွဲအသုံးချမှုကောင်းသူဖြစ်ပြီး ရွှေခါးပတ် ချန်ပီယံများဖြစ်သော ဝင်းထွန်း၊ နိုင်းဝမ်းလေးတို့နှင့်အတူ လေ့ကျင့်နေသူဖြစ်သည်။ ချန်ဒူးဝမ် (ရွှေလက်ရာ)က ခြေကန်ချက်ပြင်းထန်သလို မြန်ဆန်သည့်အတွက် ပြိုင်ဘက်များ ရုတ်တရက် အငိုက်မိသွားတတ်သည်။

မြနန်းတော်(မြန်မာပြည်သား)နှင့် အာကာဟိန်း (မြို့တော်စည်ပင်)တို့ပွဲက လုံးတူဒေါက်တူ တွေ့ကြသည့်ပွဲဖြစ်သည်။ မြနန်းတော်က မန္တလေးတွင် နာမည်ရနေသည်မှာကြာပြီ။ မြန်မာပြည်သားအဖွဲ့သို့ ရောက်ရောက်ချင်းပင် ပြီးခဲ့သည့် ဒီဇင်ဘာလ အင်းစိန်ပွဲ၌ ၂၀၀၆ ပြည်နယ်၊ တိုင်း လူသစ်တန်း(မစ်ဒယ်ဝိတ်) ရွှေတံဆိပ်ရှင် စောဂပရေမှူးကို အလဲထိုးကာ အကောင်းဆုံး လက်ဝှေ့သမားဆုကို ရယူခဲ့သူဖြစ်သည်။ အာကာဟိန်းကလည်း ဒူးတိုက်ချက်၊ ခြေကန်ချက်များဖြင့် ပြိုင်ဘက်များကို လှဲသိပ်ခဲ့သည့်ပွဲပေါင်း မနည်းတော့။

၂၀၀၆ ရွှေခါးပတ်ချန်ပီယံ(ဖလိုင်းဝိတ်တန်း) ရွှေကျည်ဆံ (ဘိလပ်မြေစက်ရုံ) က နာမည်နှင့်လိုက်အောင်ပင် လျင်မြန်ပြင်းထန်စွာ တိုက်စစ်ဆင်တတ်သည်။ လက်သီးနှင့် ခြေကန်ချက်ကောင်းသည့်အပြင် ချုပ်ဒူးကိုလည်း ပိုင်နိုင်စွာ အသုံးချတတ်သည်။ သူနှင့်ယှဉ်မည့် ဟိန်းညီညီ(မြို့တော်စည်ပင်)က လိုက်ဝိတ်တန်းမှာ သမ္မာရှိသော လက်ဝှေ့သမားဖြစ်သည်။ ပြိုင်ဘက်ကို အကဲဖမ်းကောင်းသူဖြစ်ပြီး အဝင် အထွက် မှန်ကာ လှုပ်ရှားတတ်သည်။ သပ်ရပ်သော တံတောင်ရိုက်ချက်များဖြင့် ပြိုင်ဘက်ကို အကွဲထိုး အနိုင်ယူလေ့ရှိသည်။

နိုင်းဝမ်းလေးသည် ၂၀၀၀ ပြည့်နှစ် ကတည်းက ရွှေခါးပတ်ရထားသူမို့ နွှဲခဲ့သည့်ပွဲပေါင်း များလှပေပြီ။ သူနှင့်ယှဉ်မည့်ကြယ်တစ်ပွင့် (မြန်မာပြည်သား)ကလည်း မြနန္ဒာ၊ အောင်အောင်ထွန်းတို့နှင့် ခေတ်ပြိုင်နာမည်ကြီးခဲ့သော မန္တလေးရိုးရာလက်ဝှေ့ရွှေခေတ်မှ လက်ကျန်



ဝင်းထွန်း နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် ကျော်ငြိမ်း (သထုံ)

လက်ဝှေ့ကျော်ဖြစ်သည်။ သူတို့နှစ်ယောက်က လက်သီးကောင်းကြသူများဖြစ်၍ ပရိသတ်ကြိုက်မည့်ပွဲဖြစ်သည်။

ပထမနေ့ နောက်ဆုံးပွဲကြီးဖြစ်သည့် ၂၀၀၆ ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ သူရရဲအောင် (မြန်မာပြည်သား)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် တာတိုးဝါး(ဘိလပ်မြေစက်ရုံ)ပွဲကလည်း အသွား၊ အပြန် အမှားမခံသည့်ပွဲဖြစ်သည်။ သူရရဲအောင်သည် ကျားသစ်ရဲအောင်၏သား၊ အောင်အောင်ထွန်း၏ညီဖြစ်သည့် အားလျော်စွာ ရိုးရာလက်ဝှေ့ပညာ စုံလင်သည်။ တာတိုးဝါးက အားပါသော လက်သီးများဖြင့် ပွဲပြီးအောင်ထိုးလေ့ရှိကာ တော်ရုံလက်သီးကိုလည်း မမှုသူဖြစ်သည်။ မျှော်စင်ကျွန်း(၄)ပွဲတွင် ချန်ပီယံ လုံးချောကို သရေခံထိုးသွားသူ ချာန်ထူးနှင့်လည်း သရေပွဲရထားဖူးသည်။ တာတိုးဝါး ကို သူရရဲအောင် အလဲထိုးဖို့ မလွယ်ကူသလို ပါးနပ်သော သူရရဲအောင်ကိုလည်း တာတိုးဝါး အလဲထိုးဖို့ မလွယ်ပါ။

ဒုတိယနေ့ ၂၀-၅-၂၀၀၇ ပွဲများကလည်း အသည်းတယားယား ရင်တဖိုဖို ကြည့်ရမည့်ပွဲများ ဖြစ်သည်။ ထစ်ချုံး(မြန်မာပြည်သား)က ထိုးလုံးသတ်ပေါက်ကောင်းလှပါသည်ဆိုသော စစ်သွေး (ဘိလပ်မြေစက်ရုံ)နှင့် နိုင်ချည်တစ်ခါ ရှုံးချည်တစ်လှည့် ယှဉ်ခဲ့သူဖြစ်သည်။ သူနှင့်ယှဉ်မည့် ရွှေထွန်းယုံ (ဘိလပ်မြေစက်ရုံ)က ပြည်နယ်၊ တိုင်း ရွှေတံဆိပ်နှစ်ထပ်ကွမ်း ရယူထားသူဖြစ်သည်။

ကျန်စစ်အောင်(မြို့တော်စည်ပင်)က လက်ဝှေ့ကျော်ဟောင်း နိုင်းဝမ်း၏သားဖြစ်ပြီး ဝမ်းနိုင်းလေး၏တူအရင်းဖြစ်သည်။ ဘယ်ထောက်ညာဖြောင့်များက ပွဲပြီးလောက်သလို ခြေကန်ချက်များကိုလည်း လျှော့တွက်၍မရ။ ပြည်နယ်၊ တိုင်း ရွှေတံဆိပ်ရှင် မင်းရန်နိုင် (ဘိလပ်မြေစက်ရုံ)နှင့် ကျန်စစ်အောင်တို့က မွန်ပြည်နယ်ပွဲများတွင် သူတင်ကိုယ်တင် ယှဉ်ခဲ့ဖူးကြသူတွေမို့ ယခုပွဲတွင် တစ်ကွက်မှားသူ ရှုံးသွားရပေလိမ့်မည်။



တာတိုးဝါး (ဘိလပ်မြေစက်ရုံ) နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် သူရရဲအောင် (မြန်မာပြည်သား)

မြားတစ်စင်း(လယ်/ဆည်)သည် ရိုးရာလက်ဝှေ့လောကတွင် အတန်ကြာ ပျောက်ချက်သားကောင်းနေရာမှ ယခုနှစ်ပိုင်းအတွင်း ပြန်ပေါ်လာပြီး နယ်ပွဲများဖြင့် အားပြန်ယူလာသူဖြစ်သည်။ စစ်အောင် (ဘိလပ်မြေစက်ရုံ)က လူပုံချောသလို ထိုးလုံးသတ်ပေါက်လှသည်။ အခွင့်အရေးရလျှင် လက်မနှေးဘဲ အပိုင်ဝင်တတ်သူဖြစ်သည်။

ပြည်နယ်၊ တိုင်း ရွှေတံဆိပ် ရသူချင်းဖြစ်သည့် ဒေါ့ဂျစ်(လယ်/ဆည်)နှင့် ဘိလပ်မြေမောင်မောင်တို့ပွဲက အဝင်မှားသူ ခံစားသွားရမည့်ပွဲဖြစ်သည်။

ဒုတိယနေ့ နောက်ဆုံးပွဲကြီးဖြစ်သော ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (လယ်/ဆည်)နှင့် ဂျပန်ပြန် ကျော်ငြိမ်း (သထုံ)တို့ပွဲ ဖြစ်သည်။ ကျားနှင့်ဆင် စင်ပေါ်မှာ တွေ့ကြခြင်းဟုဆိုရမည်။ ဝင်းထွန်း ၂၀၀၆ လိုက်ဝိတ်တန်း ရွှေခါးပတ်



မျှော်စင်ကျွန်း (၄) လက်ဝှေ့ပွဲ၌ လုံးချောကို သရေထိုးသွားသူ ချာန်ထူး အားသရေကျထားဖူးသူ တာတိုးဝါး (ဘိလပ်မြေစက်ရုံ)

ချန်ပီယံ ဖြစ်သည့်ပွဲ၌ ကျော်ငြိမ်းက လိုက်မစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲတွင် ချာန်ထူး (တောင်ကလေး)ကို ပထမအချီမှာ အသာစီးထိုးသော်လည်း နောက်ပိုင်းအချီများ၌ အဝင်ရဲလွန်းသောကြောင့် ထိချက်များကာ အမှတ်ဖြင့်ရှုံး၍ ရွှေခါးပတ် လက်လွတ်ခဲ့ရသူဖြစ်သည်။

ကျော်ငြိမ်း၏ အားပါသော ညာလက်သီးကြောင့် ဝင်းထွန်း ပွဲမပြီးခဲ့လျှင် ဝင်းထွန်း၏ ရွေ့ပြောင်းထိုးနှက်၊ တံတောင်ရိုက်ချက်များ၊ အမြင့်ကန်ချက်၊ ဖြတ်ဒူးတိုက်ချက်များကို ခုခံတားဆီးဖို့ ကျော်ငြိမ်း ကြိုးစားရပေလိမ့်မည်။ သုံးချီအတွင်း ကျော်ငြိမ်း အထိမနာ၊ မကွဲမရှုံးလျှင် နောက်ပိုင်းအချီများ၌ ဝင်းထွန်း သတိထားရမည့် သဘောရှိသည်။

သိုင်းအဖွဲ့ချုပ် ရန်ပုံငွေလက်ဝှေ့ပွဲက ပရိသတ်မျက်စိစွဲစေမည့် ပွဲကောင်းများ ဖြစ်သည်ဟု ဆိုပါရစေ။ ။

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဇွန်လပထမပတ်တရားစခန်း

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့ ဗဟန်း အမှတ်(၈၂) နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တစ်လ နှစ်ကြိမ်ကျင်းပသော ဝါပ ၁၀ ရက် တရားစခန်းပွဲကြီး၏ ဇွန်လ ပထမပတ် တရားစခန်းပွဲကို ဇွန် ၅ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ် ဝိပဿနာနိဗ္ဗာန် ရွှေဂူတောရရိပ်သာ ပဓာနနာယက ဖေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (မြမ္မာစရိယ B.A)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကိုဟောကြားမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ရန်ကုန်မြို့ လှိုင်မြို့နယ် (၁) ရပ်ကွက် အောင်မေတ္တာ (၅)လမ်းနေ ကိုအောင်ကျော်စိုး(ခ) ကိုဖိုးကျော်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)




## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၉-၅-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| **၇:၀၀** | ၁။ မြဝတီအဖွင့် |
| **၇:၀၅** | ၂။ အဖွင့်သီချင်း |
| **၇:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၇:၁၅** | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၂၅** | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| **၇:၃၅** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၄၀** | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၇:၅၀** | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၁၅** | ၁၁။ အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၂။ ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | |
|---|---|
| **၁၂:၀၀** | ၁။ မြဝတီအဖွင့် |
| **၁၂:၀၅** | ၂။ အဖွင့်သီချင်း |
| **၁၂:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၁၂:၂၀** | ၄။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၁၂:၂၅** | ၅။ ကျန်းမာသုတ |
| **၁၂:၃၀** | ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "ကြည်ပြာရောင်နဂါးတစ်များ" (လွင်မိုး၊ ထွန်းအိန္ဒြာဗို) ဒါရိုက်တာ-မောင်မျိုးမင်း** |
| **၁:၅၀** | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၁:၅၅** | ၈။ အပိတ်နှုတ်ဆက်စကား |
| **၂:၀၀** | ၉။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| **၄:၀၀** | ၁။ မြဝတီအဖွင့် |
| **၄:၀၅** | ၂။ အဖွင့်သီချင်း |
| **၄:၁၀** | ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| **၄:၃၅** | ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| **၅:၃၅** | ၅။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၇။ နိုင်ငံတကာသတင်း |
| **၆:၂၅** | ၈။ မိုးလေဝသသတင်း |
| **၆:၃၀** | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၄၀** | ၁၀။ လျှပ်တစ်ပြက်ရိုက်ချက် |
| **၆:၄၅** | ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| **၇:၀၀** | ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာစကားကြောင့်" (အပိုင်း-၁)** |
| **၈:၀၀** | ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ **FA CUP ဘောလုံးပွဲ -Chelsea Vs Manchester United (Live)** |
| | ၁၇။ သင့်အတွက်မနက်ဖြန် |
| | ၁၈။ အပိတ်နှုတ်ဆက်စကား |
| | ၁၉။ ပြီးပါပြီ။ |





# ဌာနဆိုင်ရာဘာသာရပ်များပို့ချမှု ရက်တိုသင်တန်းဆင်း

နေပြည်တော် မေ ၁၈

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဌာနဆိုင်ရာ ဘာသာရပ်များပို့ချမှု ရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က အမှာစကား ပြောကြားရာတွင် ဌာနအလိုက် ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို သင်တန်းတွင် လေ့လာမှတ်သားခဲ့သည့် ဘာသာရပ်များမှ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်တွေ့ လုပ်ငန်းခွင်ရှိ အတွေ့အကြုံများဖြင့် ပေါင်းစပ်၍ အောင်မြင်အောင် အကောင်ထည်ဖော် ဆောင်ရွက်ကြရေး၊ ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "မြေမျိုု၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုး ပြုတ်မည်"ဟူသည့် ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းတာဝန်များကို တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ အရာရှိအဆင့် သင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဌာနဆိုင်ရာ ဘာသာရပ်များပို့ချမှု ရက်တိုသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။**(သတင်းစဉ်)

## ရွှေပါရမီ သွေးလှူဒါန်းပွဲ

**ရန်ကုန် မေ ၁၈**

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၂နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်နှင့်အတူ မည်သူမဆို လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)



**မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဧပြီ ၂၉ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဦးထွန်းအုံးရင် - ဇနီး ဒေါ်ခင်တင့်မိသားစုက ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။** (၃၀၇)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၅-၂၀၀၇ (စနေနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် | ၁၀း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၀၅ | "ငါးလေးလုံးတရားတော်" (ဆရာတော်ဘဒ္ဒန္တ သောဘဏ) | ၁၀း၅၀ | သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (ပျားလိမ္မော်) |
| ၈း၀၅ | တစ်ပတ်အတွင်း အားကစားသတင်း | ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | တေးဂီတအစီအစဉ် | ၁၁း၁၀ | Movie Talk (အကယ်ဒမီ ဒါရိုက်တာ ဦးထွန်းလှိုင်နှင့် တွေ့ဆုံခြင်း)(အပိုင်း-၁) |
| ၈း၂၅ | စက်မှု(၁)၏စွမ်းပကား ကျန်းမာရေးအတွက် အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ) | ၁၁း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၅၀ | ပြည်သူ့အကျိုးသယ်ပိုး (၃)နှစ်ပြည့် MRTV-4 | ၁၁း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၅၀ | ပြည်တွင်းသတင်းအကျဉ်း | ၁၁း၅၅ | ခေတ်မီတိုးတက်တီထွင်ချက် ရေမော်တာ အလိုအလျောက် ထိန်းချုပ်စက် |
| ၁၀း၀၀ | ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ | ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၀ | တေးဂီတအစီအစဉ် | ၁၂း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း | ၁၂း၃၅ | လင်းလက်သောကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း |
| | | ၁၂း၅၅ | တေးဂီတအစီအစဉ် |
| | | ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့် သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### FA Cup ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၇း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၈း၂၅ | Chelsea-Man Utd | 5-Sports(Live) |

## ကာကွယ်ရေးဦးစီးချုပ်( ရေ ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၈**

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် တပ်နယ်အားကစားကွင်း၌ ကျင်းပရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုနှင့် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိသွားသည့် အသင်းအား တံခွန်စိုက်ဖလားဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မေလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

နေပြည်တော် မေ ၁၈

**အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်ဖွယ်ရာရှိပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။**

**မိုးအခြေအနေ**

ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

**နေ့အပူချိန်**

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်အောက်လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့် ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ ငါးပေခန့်နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၂၈၈ စင်တီမီတာ ခုနစ်ပေခန့် လက်ရှိ ရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့တို့တွင် ၁၂၀စင်တီမီတာ လေးပေခန့်နှင့် ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၈၀စင်တီမီတာ ခြောက်ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

## SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာနှင့် ပါလင်ကျေးရွာတို့၌ အတင်းအဓမ္မ လူသစ်စု၊ ဆက်ကြေးတောင်းခံခဲ့ တပ်မတော်စစ်ကြောင်းများက သောင်းကျန်းသူများနောက်သို့ ထက်ကြပ်လိုက်လံရှင်းလင်းဖော်ထုတ်လျက်ရှိ

ရန်ကုန် မေ ၁၈

**အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။**

SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား ၅၀ခန့်သည် မေ ၁၆ ရက် ည ၁၀ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာသို့ ရောက်ရှိလာပြီး အဆိုပါရွာရှိ ဗီဒီယိုရုံတစ်ရုံတွင် အေးချမ်းစွာ ဗီဒီယိုကြည့်နေသူများအနက်မှ ရွာသား ၂၇ ဦးနှင့် အမည်စိစစ်ဆဲ ဧည့်သည်နှစ်ဦး ပေါင်း ၂၉ဦးတို့အား အတင်းအဓမ္မ လူသစ်စု ခေါ်ဆောင်သွားခဲ့ကြောင်း၊ အဓမ္မလူသစ်စု ခေါ်ဆောင်သွားခဲ့သည့် ရွာသားများမှာ အိုက်ချို ၁၃နှစ်၊ သီဟ ၁၇နှစ်၊ ပန်နို ၁၄နှစ်၊ မူးလိန် ၁၄နှစ်၊ နန္တက ၁၆နှစ်၊ ဦးဆူဆန်း ၄၃နှစ်၊ အိုက်သုံး ၁၅နှစ်၊ ဦးလုံးတိ ၄၈နှစ်၊ အိုက်အွတ် ၂၂နှစ်၊ နားလိန် ၁၈ နှစ်၊ အိုက်လျှန်း ၁၈ နှစ်၊ အိုက်လုံ ၂၃နှစ်၊ အိုက်နိနေ ၁၇နှစ်၊ စိတ္တ ၁၄ နှစ်၊ စိန္တလွန် ၂၈ နှစ်၊ အိုက်ပီးလျှံ ၁၅ နှစ်၊ ကောဝိ ၂၈နှစ်၊ နန္ဒော ၁၇နှစ်၊ အိုက်မန် ၁၆နှစ်၊ အိုက်မောင် ၁၃ နှစ်၊ အိုက်လွန် ၁၂နှစ်၊ အိုက်မောင် ၁၅နှစ်၊ ကောင်ဝိန် ၁၈နှစ်၊ အိုက်ပြား ၂၃နှစ်၊ နားလိန် ၁၇နှစ်၊ အိုက်ဦး ၂၅နှစ်နှင့် နားလိန် ၁၃နှစ်တို့ ဖြစ်ကြကြောင်း သိရသည်။

SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူများ အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားသူများတွင် အသက် ၁၂နှစ်အရွယ် တစ်ဦး၊ အသက် ၁၃နှစ်အရွယ် သုံးဦး၊ အသက် ၁၄ နှစ်အရွယ် သုံးဦးနှင့် အသက် ၁၅ နှစ်အရွယ် သုံးဦး စုစုပေါင်း ကလေးအရွယ် ၁၀ ဦး ပါရှိပြီး ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူများသည် ကလေးသူငယ်များကို အတင်းအဓမ္မလူသစ်စုဆောင်းမှု မရှိဟု အသံကောင်းဟစ် ငြင်းဆိုနေသော်လည်း ယခုကဲ့သို့ ငယ်ရွယ်သူများကို နေရာအနှံ့တွင် အတင်းအဓမ္မဖမ်းဆီး၍ သောင်းကျန်းမှုသက်ဆိုးရှည်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်။

အလားတူအဆိုပါ SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ မွန်ခေး ဦးစီးအင်အား ၂၀ခန့်သည် မေ၁၆ရက်ည ၁၀ နာရီခန့်တွင် နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု ပါလင်ကျေးရွာ တစ်ဝိုက်သို့ရောက်ရှိလာပြီး ကျိုင်းတောင်-ပါလစ်-နမ့်စန်သွား ထော်လာဂျီ တစ်စီးထံမှ ဆက်ကြေးငွေကျပ် ငါးသိန်းတောင်းခံသွားခဲ့သည်။

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသော နယ်မြေခံ တပ်မတော်စစ်ကြောင်းများက SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အတင်းအဓမ္မ လူသစ်စုဆောင်းမှု၊ ဆက်ကြေးကောက်ယူမှု သတင်းကို ရလျှင်ရချင်း ဒေသခံလူထုနှင့် ပူးပေါင်းကာ သောင်းကျန်းသူများ နောက်သို့ ပိတ်ဆို့ချေမှုန်းနိုင်ရေး ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည် နယ် နှင့် တိုင်း အသက် (၁၈)နှစ်နှင့်အောက် ဘတ် စ ကက် ဘော ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် တံ ခွန် စိုက် ဒိုင်း ဆွတ်ခူးရရှိ သွားသည့် ရန်ကုန်တိုင်း အမျိုးသားအသင်းအား တွေ့ရစဉ်။

(ကြေးမုံ)



# အသက်(၁၈)နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ရန်ကုန်တိုင်း အမျိုးသားနှင့် အမျိုးသမီးအသင်း သုံးနှစ်ဆက်ဗိုလ်စွဲ

ရန်ကုန် မေ ၁၈

**၂၀၀၇ခုနှစ် တတိယအကြိမ်မြောက် အသက်(၁၈)နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဒိုင်းကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိသဖြင့် အပိုင်ဆွတ်ခူးရရှိသွားကြသည်။**

ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်း အသင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို ၇၂-၃၃မှတ်၊ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို ၆၆-၅၆မှတ်တို့ဖြင့် အသီးသီးအနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်သို့ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (ဘတ်စကက်ဘော အားကစားနည်း) နာယက ဒေါ်မြင့်မြင့်ဆွေက ကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဆေးမှူး ဒေါက်တာ ဒေါ်မြစန္ဒာခိုင်က ကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘတ်စကက်ဘော အဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က လက်ခံရယူသည်။

ယင်းနောက် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် (ဘတ်စကက်ဘော အားကစားနည်း) နာယက ဒေါ်မြင့်မြင့်ဆွေနှင့် အမှုဆောင်များက အမျိုးသမီးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းအသင်း၊ ပူးတွဲတတိယဆုရ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းအသင်း၊ အမျိုးသားပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း အသင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း၊ ပူးတွဲတတိယဆုရ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါ်သီတာဝင်းက အသန့်ရှင်းဆုံး အသင်းဆုရ မန္တလေးတိုင်း အမျိုးသမီးအသင်းနှင့် ပဲခူးတိုင်း အမျိုးသားအသင်းတို့အား ဆုဖလားနှင့် ငွေသားများ ချီးမြှင့်သည်။ ၎င်းနောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ပြိုင်ပွဲတစ်လျှောက် အမျိုးသမီးအကောင်းဆုံးဆုများ ရရှိကြသောပြန်ကျဘောဖမ်းသူဆုရ အိမ့်မွန်ကျော်ဝင်း(စစ်ကိုင်း)၊ ခံစစ်ဆုရ မေနှင်းဆီလွင် (ရန်ကုန်)၊ အထူးချွန်ဆုံးဆုရ ထိုက်ထိုက်သူ (ရန်ကုန်) တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးခင်မြင့်က ပြိုင်ပွဲတစ်လျှောက် အမျိုးသား အကောင်းဆုံးဆုရရှိကြသော ပြန်ကျဘောဖမ်းသူ ဆုရ နေမျိုးမင်း (ရန်ကုန်)၊ ခံစစ်ဆုရ ဌေးလွင်(ရှမ်း/တောင်)၊ အထူးချွန်ဆုံးဆုရ ဆက်မွန်မင်း(ရန်ကုန်)တို့ကို လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားများ ချီးမြှင့်သည်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းကို လည်းကောင်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က အမျိုးသားပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အောင်ပွဲရ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းအား အောင်တံခွန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ဦးခင်မောင်လတ်က ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းချီးမြှင့်သည်။ (ကြေးမုံ)

# မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲပြီးစီး လက်ရည်စမ်းပွဲ ငါးပွဲစလုံး မြန်မာအသင်းအနိုင်ရရှိ

အိန္ဒိယ တက္ကသိုလ်အသင်း၏ ရိုက်ချက်ကို မြန်မာအသင်း ကာကွယ်စဉ်။

(ကြေးမုံ)



ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းပွဲ ပဉ္စမပွဲစဉ်(နောက်ဆုံးနေ့)ကို ယနေ့ ညနေ ၃နာရီက အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ချစ်ကြည်ရေးလက်ရည်စမ်းပွဲတွင် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၂၅-၂၃၊ ၂၅-၂၁၊ ၂၇-၂၅မှတ်ဖြင့် သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ အမာခံအချို့သာပါဝင်ပြီး အရန်ကစားသမား အများအပြားဖြင့် ပွဲထွက်လာသော အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာ အကောင်းဆုံး လက်စွမ်းမရရှိခဲ့သော်လည်း အနိုင်ရရှိအောင် ယှဉ်ပြိုင်နိုင်ခဲ့သည်။

ပထမပွဲငယ်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာ အိန္ဒိယအသင်းကို ၂၅-၂၃မှတ်ဖြင့် အနိုင်ရရှိအောင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဒုတိယပွဲငယ်တွင်လည်း အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ်ချန်ပီယံအသင်းတို့ ဘတစ်ပြန် ကျားတစ်ပြန် အမှတ်များဦးဆောင်ခဲ့သော်လည်း ပွဲငယ်ပြီးခါနီးတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက အမှတ်ဆက်တိုက် ယူနိုင်ခဲ့၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တတိယပွဲငယ်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်း အမှတ်ပြတ်ဖြင့် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း အိန္ဒိယတက္ကသိုလ်အသင်းက အမှတ်အမီပြန်လိုက်နိုင်ခဲ့၍ ၂၇-၂၅မှတ်ဖြင့် သူတင်ကိုယ်တင်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။

ချစ်ကြည်ရေး လက်ရည်စမ်းပွဲ ငါးပွဲယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက ငါးပွဲစလုံး အနိုင်ရရှိခဲ့သည်။ (ကြေးမုံ)

## ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

## လမ်းဘေးမှကျူးကျော်ဈေး ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့သစ် (၁၆) ရပ်ကွက်၊ အင်းဝလမ်းနှင့် မြဝတီမင်းကြီးလမ်းဘေးတွင် ကျူးကျော်ဈေးသည်များနေ့စဉ် သားငါးများ ရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများနှင့်ယာဉ်များ အနှောင့်အယှက်ဖြစ်ကြရပါသည်။ ထို့အပြင် သားငါးအနံ့အသက်ဆိုးနှင့် အညစ်အကြေးများ၊ အမှိုက်များကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိပါ။ သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်ဈေးရောင်းချမှုများအား လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**(၁၆) ရပ်ကွက်သားများ**

## အမဲဆီချက်ရုံ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား–**

မိတ္ထီလာမြို့ ဝန်ဇင်းနယ်မြေ မင်္ဂလာဦး (ခ)ရပ်ကွက် ပြည်ထောင်စုကားလမ်းဘေးရှိ အိမ်တစ်အိမ်တွင် လိုင်စင်မဲ့အမဲဆီများ ချက်လုပ်လျက်ရှိရာ အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လျက်ရှိပါသည်။ ရပ်ကွက်အတွင်း နေထိုင်သူများ အမဲဆီချက်သည့် အနံ့ဆိုးကို နေစဉ်ရှူရှိုက်နေရပါသဖြင့် အဆိုပါလုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အမဲဆီနံ့မခံနိုင်သူများ**

## တိုက်နောက်ဘက် လမ်းကြားမှ ကျူးကျော်ဆောင် ဖယ်ရှားစေလို

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက် တိုက်အမှတ်(၂၅၇) တွင် နေထိုင်သူတစ်ဦးသည် တိုက်နောက်ဘက်လမ်းကြား၌ တိုးချဲ့အဆောင်တစ်ဆောင် ကျူးကျော်ဆောက်လုပ်ထားရာ အခြားတိုက်ခန်းများ၏ ရေပိုက်လိုင်းများ၊ မိလ္လာကန်များနှင့် မလွတ်ကင်းသည့်အပြင် အရေးပေါ်လူသွားလမ်းပါ ပိတ်နေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်နောက်ဘက်မှ ကျူးကျော်ဆောင် ဆောက်လုပ်ထားခြင်းကို စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**တိုက်(၂၅၇) မိသားစုများ**

## ရပ်ကွက်အတွင်းမှ သစ်ခွဲစက်သံဆူညံ

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ယမုံနာလမ်းမကြီးရှိ သစ်ခွဲစက်တစ်ခုသည် မီးစက်မောင်းပြီး၊ သစ်များခွဲစိတ်လျက်ရှိရာ လွှစက်သံ၊ မီးစက်မောင်းသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ နားမခံသာလောက်အောင် ဆူညံနေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဒေါပုံသား**

## ကားဘော်ဒီရုံမှ ထုရိုက်သံဆောင်ရွက်ပြီးစီး

၃၁-၃-၂၀၀၇ရက် နေ့ထုတ်ကြေးမုံသတင်းစာပါ မကွေးမြို့ မြင်သာရပ် မေတ္တာလမ်းမှ **ကားဘော်ဒီရုံမှထုရိုက်သံ ပတ်ဝန်းကျင်ဆူညံ**ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

## ဝါတိုးအနောက်ရပ်ရေမြောင်း သန့်ရှင်းရေး ဆောင်ရွက်ပြီးစီး

၂၈-၄-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရမည်းသင်းမြို့မှ **"ဝါတိုးအနောက်ရပ် ရေမြောင်းအနံ့ဆိုးတထောင်းထောင်း"** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

## သံပြားများထုရိုက်သံ နားမခံသာ

**စာတည်းခင်ဗျား–**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ၂၁ x ၂၂လမ်း၊ ၈၉ x ၉၀ လမ်းကြား၊ အကွက် (၁၁၂) ရှိ သံပေပါလုပ်ငန်းနှစ်ခုသည် နေ့စဉ် သံပြားများ ထုရိုက်လုပ်ကိုင်လျက်ရှိရာ ၎င်းဆူညံသံများကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သော ရပ်ကွက်ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ သံပေပါလုပ်ငန်းအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မန္တလေးသူ**

## ကြေးမုံ ပြည်သူ့ထံမှ ပေးစာ



## အနံ့ဆိုး၊ အမြင်ဆိုး အမှိုက်ပုံများအား ရွှေ့ပြောင်းပေးပါ

**စာတည်းရှင်–**

ကြည့်မြင်တိုင်မြို့နယ် ထီးတန်းလမ်းနှင့် ပန်းလှိုင်လမ်းထောင့်ရှိ အမှိုက်ပုံမှာ ပတ်ဝန်းကျင်ဈေးများမှ လှည်းကြီးလှည်းငယ်များဖြင့် လာရောက်စွန့်ပစ်ကြသော အမှိုက်များကို သိမ်းဆည်းမှုရှိသော်လည်း အမှိုက်များ အမြဲစုပုံနေပါသည်။ **(အပေါ်ပုံ)**

အမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအမှိုက်ပုံအား အခြားသင့်တော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူများ**

## ရွှေစည်းခုံစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူရန် စေတနာရှင်များက အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန်  မေ  ၁၈**

သမိုင်းဝင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ကျပ်သိန်း ၂၀၀၀ကျော် အကုန်အကျခံကာ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူရန် စေတီတော်ကြီးဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်လျက် ရှိသည်။ ရွှေသင်္ကန်းကပ်လှူ စေတနာရှင်များက အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ ဗုဒ္ဓပူဇနိယဆီမီး(၉၉၀၀)အဖွဲ့ရုံးသို့ လာရောက် လှူဒါန်းလျက်ရှိရာ မရီနာဆင့်မိသားစု ဗိုလ်တထောင်ဘုရားလမ်းက ကျပ်၅၀၀၀၊ မဝင်းမြင့်ဌေး-မစန်းစန်းယု ၃၉လမ်းမိသားစုက ကျပ် ၇၀၀၀၊ ဦးတင်မောင်နိုင်-ဒေါ်အေးမြင့်မိသားစု ပေါ်ဆန်းမွှေးလမ်း (လုံးချင်းအိမ်ရာ) ၂၉ရပ်ကွက် သုဝဏ္ဏက ကျပ် ၁၅၀၀၀၊ ရွှေပြည်သာ မြို့ ဗန်းမော် သစ်ပါးလွှာ စက်ရုံဝန်ထမ်းမိသားစုက ကျပ် ၂၂၀၀၀၊ မရမ်းကုန်းမြို့နယ်(၇)မိုင်နေ ဗိုလ်မှူးအုန်းဆွေအားရည်စူး၍ ဇနီးဒေါ်ရီရီ ညွန့်၊သမီးကြီး ဒေါ်နော်လီခင်မူယာဆွေ(ခ)ဒေါ်ခင်မြင့်အောင် မြေးမြစ် မိသားစုက ကျပ် ၃၉၀၀၀၊ အလုံမြို့နယ် ငုဝါလမ်းနေ ဦးမြင့်ဝေ- ဒေါ်ဖြူဖြူဌေး သမီး မခင်စန္ဒာဌေး၊သား မောင်ဝေယံမိသားစုက ကျပ်တစ်သောင်း၊ သဃ်န်းကျွန်း ၈/တောင်ရပ်ကွက် ပွှန်လမ်းနေ ဦးကျော်တင်-ဒေါ်ခင်စန်းရီမိသားစုက ကျပ် ၃၅၀၀၀ကို လှူဒါန်းရာ ဗုဒ္ဓပူဇနိယ ဆီမီး (၉၉၀၀) အဖွဲ့နာယက ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) နှင့် အမှုဆောင်များက လက်ခံရယူကြသည်။ (၆၁)

## အင်တာနက်အားကစားသတင်းများ

### အီတလီဖလား ဘောလုံးပြိုင်ပွဲ အေအက်စ်ရိုးမား ဗိုလ်စွဲ

**ရောမ  မေ  ၁၈**

အီတလီဖလား ဒုတိယအကျော့ဗိုလ်လုပွဲကို အီတလီနိုင်ငံ မီလန်မြို့ရှိ ဆန်စီယိုဘောလုံးကွင်းတွင် မေ ၁၇ရက်က ကျင်းပရာ အေအက်စ်ရိုးမားအသင်းက အင်တာမီလန်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်သည်။ သို့ရာတွင် ရိုးမားအသင်းသည် ပထမ အကျော့ပွဲတွင် ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ချန်ပီယံဆု ဖလားကြီးကို ဆွတ်ခူးရယူနိုင်ခဲ့သည်။

ရိုးမားအသင်းသည် လွန်ခဲ့သည့် ရက်သတ္တပတ်က စီးရီး အေ ချန်ပီယံအင်တာမီလန်အသင်းကို ထူးထူးခြားခြား အနိုင်ရရှိ ခဲ့သဖြင့် နှစ်ပွဲပေါင်း ၇-၄ ဖြင့် အနိုင်ရကာ ဆုဖလားရရှိခြင်း ဖြစ်သည်။

ရိုးမားအသင်းသည် ၁၉၉၀-၉၁ ဘောလုံးရာသီနောက်ပိုင်း အီတလီဖလားရရှိခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ရိုးမားအသင်းသည် ယခုလောလောဆယ်တွင် အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်နေသည်။ *အင်တာနက်*



**မေ ၁၇ ရက်က အီတလီဖလား ဘောလုံးပြိုင်ပွဲဆုဖလားနှင့် အတူ အေအက်စ်ရိုးမားအသင်း အသင်းခေါင်းဆောင် ဖရန်ဆက် စကိုတော်တီအား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

### အေစီမီလန်သို့ ပြောင်းမည်ဆိုမှု ရော်နယ်လ်ဒင်ဟို ငြင်းဆို

**ဘာစီလိုနာ  မေ  ၁၈**

မိမိသည် အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိသည်ဆို သော သတင်းများမှာ မှန်ကန်ခြင်းမရှိကြောင်း ဘာစီလိုနာအသင်း မှ ဘရာဇီးဘောလုံးသမား ရော်နယ်လ်ဒင်ဟိုက ယနေ့ပြောကြား လိုက်သည်။

**ပျော်မွေ့ဖွယ်ကောင်း**

မိမိသည် လာမည့် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းမှ အသင်းဖော်များနှင့်သာ အတူရှိနေမည်ဖြစ်ကြောင်း၊ ဘာစီလိုနာ အသင်းနှင့် ဘောလုံးကစားရသည်မှာ ပျော်မွေ့ဖွယ်ကောင်းကြောင်း ရော်နယ်လ်ဒင်ဟိုက စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရော်နယ်လ်ဒင်ဟိုသည် ကန်ထရိုက်စာချုပ် သက်တမ်းအရ ဘာစီလိုနာအသင်းတွင် ၂၀၁၀ ပြည့်နှစ်အထိ ရှိနေနိုင်သည်။

**ချန်ပီယံဆုဖလား**

ဘာစီလိုနာအသင်းသည် ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် လာလီဂါ ချန်ပီယံဆုဖလားကို နှစ်နှစ်ဆက်တိုက် ရယူနိုင်ခဲ့သည်။ *အင်တာနက်*



**ဘာစီလိုနာ အသင်း မှ ဘရာဇီး ဘောလုံး သမား ရော် နယ် ဒင်ဟို။** *(ဓာတ်ပုံ- အင်တာနက်)*

### ဘက်စ်ရှန် ရှုဝိန်းစတိုင်းဂါး ယူရိုပွဲနှစ်ပွဲ၌ မပါဝင်နိုင်

**မြူးနစ်  မေ  ၁၈**

ဘေယန်မြူးနစ်အသင်း၏ ကွင်းလယ်ကစားသမား ဘက်စ်ရှန်ရှုဝိန်းနိစတင်းဂါး သည် ဒူးခေါင်းထိခိုက်ဒဏ်ရာရရှိထားသဖြင့် လာမည့်ဇွန်လတွင် ဆန်မာရီနိုအသင်း နှင့် ဆလိုဗက်ကီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည့် ယူရို ၂၀၀၈ ဘောလုံး ပြိုင်ပွဲ နှစ်ပွဲ၌ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

မိမိ၏နည်းပြက ယင်းပွဲနှစ်ပွဲတွင် မိမိပါဝင်ကစားရန်လိုလားကြောင်း၊ သို့ရာ တွင် မိမိ၏ဆရာဝန်က ဘောလုံးမကစားသင့်သေးဟု အကြံပြုထားကြောင်း ၎င်းက ပြောကြားသည်။

ဂျာမနီအသင်းသည် နူရင်ဘက်မြို့တွင် ဇွန် ၂ရက်၌ ဆန်မာရီနိုအသင်းနှင့် လည်းကောင်း၊ နောက်လေးရက်အကြာတွင် ဟမ်းဘတ်မြို့၌ ဆလိုဗက်ကီးယား အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ *အင်တာနက်*

### မန်ယူအသင်းမှ ပတ်ဂျီဆန် တောင်ကိုရီးယားသို့ ပြန်ရောက်လာ

**ဆိုးလ်  မေ  ၁၈**

မန်ချက်စတာယူနိုက်တက်အသင်းမှ ကွင်းလယ်ကစားသမား ပတ်ဂျီဆန်သည် ဒူးခေါင်းထိခိုက်ဒဏ်ရာအတွက် အမေရိကန် နိုင်ငံ၌ ခွဲစိတ်ကုသမှုခံယူခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံတွင် အနားယူနိုင်ရန် ယနေ့ပြန်ရောက်လာကြောင်း အင်တာနက်သတင်း တွင် ဖော်ပြသည်။ ပတ်သည် အမေရိကန်နိုင်ငံ ကိုလိုရာဒိုပြည်နယ်ရှိ ဆေးရုံတစ်ရုံတွင် ဧပြီ ၂၈ရက်က ခွဲစိတ်ကုသမှုခံယူခဲ့သည်။ ၎င်းအား ခွဲစိတ်ကုသပေးခဲ့သူမှာ အလန်ရှီးယားနှင့် မိုက်ကယ်အိုဝင်တို့ကို ကုသပေးခဲ့သည့် ဆရာဝန်ကြီး ရစ်ချတ်စတက်မန်းဖြစ်သည်။ ပတ်သည် မြို့တော်ဆိုးလ်တောင်ဘက် ဆူဝန်မြို့ရှိ ၎င်း၏နေအိမ်တွင် အနားယူမည်ဖြစ်သည်။

ပတ်သည် စနေနေ့တွင်ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း၊ ၎င်း၏ ဒဏ်ရာ အခြေအနေကို ဩဂုတ်လတွင် သုံးသပ်မည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ *အင်တာနက်*


# AIR BAGAN LIMITED

OPPORTUNITY TO BECOME A MEMBER OF THE AIR BAGAN FAMILY VACANCY ANNOUNCEMENT FOR CABIN CREW

(Qualifications and Requirements)

* Must be Single and Myanmar National
* At least Basic Education High School Exam Passed
* University Degree considered as asset
* Age between 18 and 24 years as at 8th June, 2007
* For female, height between 5'4 "and 5'8", weight to be proportionate to height
* For male, height between 5'6"and above, weight to be proportionate to height
* Able to read, write, understand and speak English language fluently, Second language is compulsory
* Positive disposition, caring attitude, smart personality, excellent verbal communications and interpersonal skills
* Mental capacity to read documents, follow instructions, learn and understand company procedures, rules and regulations.
* Able to attend 8 weeks of initial training before confirmation of employment

Interested persons may personally apply to Air Bagan Head Office not later than 8th June, 2007at 4:30pm together with the following: Curriculum vitae, qualification papers including Basic Education High School Certificate, Criminal Clearance from police department, one recent color full-length photograph and one passport size photograph, NRC copy.

Only short-listed applicants will be notified.

Please send your application to: Air Bagan Limited, No.56, Shwe Taung Gyar Street, Bahan Township, Yangon, Myanmar.

Phone: 01-513299, 513422, 504273, 514861, 513322


### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၅-၂၀၀၇

| | |
|---|---|
| မြင်းမူ | ၃ ဒသမ ၄၆ လက်မ |
| မိုးကုတ် | ၂ ဒသမ ၁၃ လက်မ |
| မင်းကင်း | ၂ ဒသမ ၀၅ လက်မ |
| သထုံ | ၁ ဒသမ ၉၇ လက်မ |
| မောင်တော | ၁ ဒသမ ၆၅ လက်မ |
| ထားဝယ်နှင့် တောင်တွင်းကြီး | ၁ ဒသမ ၅၀ လက်မ |
| မုံရွာ | ၁ ဒသမ ၉၁ လက်မ |


ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ ရက် မှ ၃၁ ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

**အများသိစေရန်**

ကျွန်တော်၏ ဇနီး ဒေါ်ချိုချိုမာ အမျိုးသားမှတ်ပုံတင် [၁၃/တခလ (နိုင်) ၀၀၄၂၉၆] သည် ကျွန်တော် ခွင့်မလွှတ်နိုင်သောအပြစ်များ ကျူးလွန်သည့်အပြင် မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စမှန်သမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးဇော်မိုးဝင်း**
**[၁၃/တခန(နိုင်)၀၀၄၄၄၁**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့ သာကေတမြို့နယ် ၄/မြောက် ရပ်ကွက် သုမနလမ်း အမှတ်၅(က) နေ အဖ ဦးစိန်လင်း အမိ ဒေါ်စန်းမြင့်တို့၏ သားမောင်ဇေယျာလင်း [၁၂/သကတ (နိုင်) ၁၃၇၁၈၉] သည် မိဘ ညီအစ်ကိုမောင်နှမတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲမိမိသဘောအလျောက် အိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးစိန်လင်း-ဒေါ်စန်းမြင့်**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်သော ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်မှ ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ လက်တွဲ၍ ဆောင်ရွက်လျက်ရှိရာ တစ်ခုအပါအဝင်ဖြစ်သော မန္တလေးတိုင်း ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သစ်ပုတ်ပင်ကျေးရွာ၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပျဉ်းမနားခရိုင်နှင့် လယ်ဝေးမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် သစ်ပုတ်ပင်ဘူတာ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ယနေ့ မြန်မာနိုင်ငံတော်ကြီး၏ တစ်လျှားတစ်နံ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် လိုအပ်ချက်များကို လေ့လာဖော်ထုတ် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်နယ်နှင့်တိုင်း ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဇုန် ၂၄ ခု သတ်မှတ်ပြီး နယ်စပ်ဒေသမကျန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုနှင့် တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် မရှိစေရန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ***





## NLD ပါတီ၏ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုသော လုပ်ရပ်များကို စိတ်ပျက်လာ အတွေ့အကြုံနည်းပါးပြီး အရည်အချင်းမရှိသော ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ တောင်ငူ မြို့နယ်မှ ပါတီဝင် ၈၂ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် မေ ၁၈**

ပဲခူးတိုင်း တောင်ငူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကမ်းနီကျေးရွာအုပ်စုမှ ဒေါ်မြညွန့်၊ ဦးထွန်းလှနှင့် ဦးမောင်စိန်တို့ အပါအဝင် ပါတီဝင် ၈၂ ဦးသည် မေ ၁၃ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တောင်ငူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုသော လုပ်ရပ်များကို စိတ်ပျက်လာကြောင်း၊ အတွေ့အကြုံနည်းပါးပြီး အရည်အချင်းမရှိသောပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့ကြောင်း၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်ရန် ဆန္ဒမရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

### အမှာစကားပြောကြား

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး ချောင်းကူးတံတားနှင့် ဆက်သွယ်ရေး အိတ်ချိန်းရုံးခွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

### မြင်းမူမြို့ မိုးရေချိန် စံချိန်သစ်တင်

**နေပြည်တော် မေ ၁၈**

ယနေ့မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် မြင်းမူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၈၈ မီလီမီတာ (၃ ဒသမ ၄၆ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၂၄ နှစ်အတွင်း မေလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၈၃ မီလီမီတာ (၃ ဒသမ ၂၇ လက်မ)ဖြစ်ပြီး ၂၀၀၃ ခုနှစ် မေလ ၂၀ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)